ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့၊ (19-4-2012) (၇၀၉၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အခြေခံသော့ချက်ဖြစ်သည့် သုတေသနလုပ်ငန်းများ ဘက်ပေါင်းစုံမှ ဆောင်ရွက် လယ်မြေများအား ကြားကွက်လပ်မကျန်အောင် ရာသီမရွေးစိုက်ပျိုးနိုင်မည့် ဆည်ရေသောက်ကွန်ရက်စနစ်များ တည်ဆောက်

နေပြည်တော် ဧပြီ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဆည်စုကျေးရွာ ဆည်စုရေလွှဲဆည် ရေထိန်းတံခါးတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး အလျား ငါးပေ၊ အနံ လေးပေရှိ ရေတံခါး ရှစ်ပေါက်ကို မိုးစပါးစိုက်ပျိုးရာသီအမီ တပ်ဆင်ပြီးစီးရေးမှာကြားပြီး ဒေသခံတောင်သူများအား ပုလဲသွယ်ဆန်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ဆက်လက်၍ ဆည်စုကျေးရွာအနီးရှိ ဆည်ရေသောက်စနစ် ရေသွယ်မြောင်းများ၌ ရေဝင်ရောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြောင်းကူးတံခါးများ ခိုင်ခံ့သေချာအောင် တည်ဆောက်ရေးမှာကြားသည်။

ထို့နောက် ကျားကူးကျေးရွာအနီးရှိ အဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ စိုက်ကွင်းသို့ ရောက်ရှိရာ တရုတ်စိုက်ပျိုးရေးပညာရှင် Mr. Zhang Jianyu က တရုတ်ပြည်သူ့သမ္မတနိုင်ငံ C.E.T.C ကုမ္ပဏီနှင့် မြန်မာပညာရှင်များ ပူးပေါင်း၍ ပုလဲသွယ်စပ်မျိုးစပါးမျိုး ရှစ်မျိုးသုတေသနပြု မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ခင်းကိုကြည့်ရှုစစ်ဆေးပြီး တရုတ်ပညာရှင်များအား သစ်သီးနှင့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းရွာအဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ စိုက်ကွင်းသို့ သွားရောက်၍ ပုလဲသွယ်စပ်မျိုးစပါးလေးမျိုး၏ မျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ခင်း၏ သုတေသနလုပ်ငန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံနှင့်အဝှမ်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံ သော့ချက်ဖြစ်သည့် သုတေသနလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ကြရန် လိုကြောင်း၊ ပညာရှင်များ၏ တွေ့ရှိချက်ကို တောင်သူလယ်သမားများ အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်သည် တစ်နိုင်ငံလုံး၏ ဗဟိုချက်မဖြစ်သည့်အားလျော်စွာ လယ်မြေများအား ကြားကွက်လပ် မကျန်အောင် ရာသီမရွေးစိုက်ပျိုးနိုင်မည့် ဆည်ရေသောက်ကွန်ရက်စနစ်များအဖြစ် ခိုင်မာအောင် Irrigation Network တည်ဆောက်ပေးသွားရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝ တိုးတက်စေရေးကို စိတ်ရင်းစေတနာမှန်ဖြင့် ကြိုးစားအကောင်အထည်ဖော် ပေးရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဆည်စုကျေးရွာအနီးရှိ ဆည်ရေသောက်စနစ် ရေသွယ်မြောင်းများ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယနေ့သတင်းအညွှန်း

အင်တာနက်မှ မူးယစ်ဆေးဝါးရောင်းချနေသည့် ဂိုဏ်းများအား အမေရိကန်အာဏာပိုင်များ ဖြိုခွင်း

နိုင်ငံတကာသတင်း စာမျက်နှာ ၄

အီရန်နိုင်ငံ လပ်သ် သဲကန္တာရကို ကမ္ဘာ့အပူဆုံးဒေသအဖြစ် သတ်မှတ်

နိုင်ငံတကာသတင်း စာမျက်နှာ ၅

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဓာတ်မီးများ ကျေးလက်ဒေသများ၌ အသုံးတွင်ကျယ်

ပြည်တွင်းသတင်း စာမျက်နှာ ၇

"ကျွန်မတို့၏ ရပ်ကွက်ကလေး"

သူ့အမြင် သူ့အတွေး စာမျက်နှာ ၈

"လောကကို အလှဆင်သူများ"

ယနေ့ ဖတ်စရာ မှတ်စရာ စာမျက်နှာ ၇

မကွေး၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးများ လာမည့် ၁၀ ရက်အတွင်း ပျမ်းမျှအပူချိန်ထက် ပိုဦးမည်

နေပြည်တော် ဧပြီ ၁၈

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေ ။ ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နှစ်ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန် ။ ။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့နည်းပြီး မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

မြစ်ရေအခြေအနေ ။ ။ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၄၅ စင်တီမီတာ (၁ ပေခွဲခန့်) နှင့် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၃၀ စင်တီမီတာ (၁ ပေခန့်) လက်ရှိရေမှတ်များ၏ အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၁၉-၄-၂၀၁၂[ကြာသပတေးနေ့]။

တာဝန်သိ တာဝန်ရှိမှ ကောင်းသောအမွေခံနိုင်

ကျွန်ုပ်တို့ တိုင်းပြည်၏ အသွင်ကူးပြောင်းစကာလတွင် လူတို့၏အပြုအမူများ၊ အကျင့်အကြံများပါ လိုက်ပါပြောင်းလဲလာသည်ကို တွေ့ရပေသည်။ အပြောင်းအလဲကို အလိုရှိကြကုန်သော သပ္ပုရိသအနွယ်ဝင်အပေါင်းတို့အတွက် ကောင်းသောအပြောင်းအလဲများကို ပြုမူကြပါဟု ပြောဆိုနေကြရုံမျှဖြင့် ဖြစ်မလာနိုင်ဘဲ မိမိတို့ကိုယ်တိုင် ခွဲခြားဝေဖန် ချင့်ချိန်နိုင်စွမ်းအားဖြင့် ပြောင်းလဲကြရန်လိုပါသည်။

ယနေ့ကာလသည် ခေတ်စနစ်၏အပြောင်းအလဲနှင့်အတူ ပြည်သူအများ ပါဝင်ဆင်နွှဲကြသည့် ပွဲတော်ကာလတို့တွင် မိမိတို့၏အပြုအမူနှင့် လိုအင်ဆန္ဒများကို ပြသခဲ့ကြပေသည်။ ပြောင်းလဲခြင်းတို့၏ မိမိတို့ဆန္ဒကိုထုတ်ဖော်ပြသကြရာတွင် အများစုပုရိသတို့သည် ကောင်းသောအပြုအမူများကို ပြသကြသကဲ့သို့ အချို့သူတို့သည် မကောင်းသောအပြုအမူများကို ပြသခဲ့ကြသည်ကို တွေ့ရပေသည်။

နိုင်ငံတစ်ခွင် ကောင်းသောအပြောင်းအလဲနှင့် နှစ်လိုဖွယ်ရာဖြစ်စေချင်ကြသည်မှာ ပြည်သူအပေါင်းတို့၏ဆန္ဒပင် ဖြစ်ပေသည်။ ဧပြီ ၁ ရက်မှ ၁၆ ရက်လဝက်ကာလအတွင်း မိမိတို့၏ဆန္ဒများကို စည်းကမ်းကျနစွာဖြင့် ထုတ်ဖော်ပြသကြသူ အမြောက်အမြားကို တွေ့ရသကဲ့သို့ စည်းကမ်းမကျသော ဖော်ထုတ်မှုများကိုလည်း တွေ့မြင်ခဲ့ကြရာ ထိုအပြုအမူများကို သင်ခန်းစာယူ၍ ပြုပြင်သင့်ပြုပြင်ထိုက်သည်များကို မိမိတို့ကိုယ်တိုင် ဆင်ခြင်တုံတရားထား၍ ပြုပြင်ကြရန်လိုအပ်မည်ဖြစ်သကဲ့သို့ မိမိတို့ဝန်းကျင်မှလည်း ဝိုင်းဝန်းတည့်မတ်ထိန်းကျောင်းပေးကြရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်သော နိုင်ငံသစ်အဖြစ် ပေါ်ထွက်လာမည်ဖြစ်ပေသည်။

ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်တို့ကို ဖော်ထုတ်ကြရာတွင် တာဝန်ရှိသူတို့၏ ထိန်းကျောင်းကြပ်မတ်မှုအနည်းဆုံးဖြင့် မိမိတို့ကိုယ်ပိုင်အသိတရားဖြင့် ပြုမူခဲ့ကြသည်မှာ ကောင်းသောလက္ခဏာများပင်ဖြစ်သည်။ အချို့သောနေရာများတွင် လူလတ်ပိုင်းနှင့် လူငယ်အချို့တို့က ယဉ်ကျေးသိမ်မွေ့သော မြန်မာတို့၏ကောင်းသောစရိုက်လက္ခဏာများဖြင့် မိမိတို့၏ဝန်းကျင်ကို မိမိတို့ဝိုင်းဝန်းထိန်းကျောင်းခဲ့သည်ကို တွေ့ရပေသည်။

သို့ရာတွင် အချို့သောနေရာများ၌ ဝိုင်းဝန်းထိန်းကျောင်းမှုမရှိဘဲ လူငယ်အချို့တို့က စည်းလွတ်ဝါးလွတ် လွတ်လပ်မှုတို့ကိုယူခဲ့ကြသည်ကို တွေ့ရပေသည်။ မြန်မာတို့၏ ပင်ကိုစိတ်ရင်းသည် နားလည်မှု၊ စာနာမှု၊ သည်းခံမှု၊ ခွင့်လွှတ်မှု၊ လေးစားမှု၊ လိုက်နာမှုရှိကြသူများပင်ဖြစ်သည်။စည်းလွတ်ဝါးလွတ်ဖြစ်စေမှုတို့သည် အကြောင်းမဲ့ဖြစ်ပေါ်ခြင်းမဟုတ်ဘဲ စည်းလွတ်ခြင်းကိုဖြစ်ပေါ်စေသည့် ဝန်းကျင်အကြောင်းတရားများကြောင့်သာ စည်းမဲ့ခြင်းအကျိုးတရားများ ဖြစ်ပေါ်လာရခြင်းဖြစ်ပေသည်။

စည်းများများလွတ်ခြင်းသည် အနာဂတ်ဝန်းကျင်ကို ပျက်စီးစေနိုင်သဖြင့် အဆိုပါစည်းလွတ်မှုများအတွက် ထိန်းကျောင်းကြပ်မတ်မှုများ လိုအပ်မည်ဖြစ်သည်။ သူ့သဘောသူဆောင်သည်ပဲဟူ၍ ဘာသိဘာသာနေခြင်းသည် ခွင့်လွှတ်သည်းခံခြင်း၊ နားလည်ပေးခြင်း မဟုတ်မူဘဲ ပျက်စီးခြင်းသို့ တွန်းပို့ပေးခြင်းမည်ပေမည်။ ထိုထက်ဆိုးသည်မှာ အဆင်းလမ်းမှန်းသိလျက်နှင့် မသိလိုက်နေခြင်းနှင့် အဆင်းလမ်းသို့ သွားနေသူများကို လက်ပိုက်ကြည့်နေခြင်းပင်ဖြစ်သည်။

တာဝန်မရှိသူက တာဝန်သိခြင်းသည် နိုင်ငံ့သားကောင်းမည်ရာရောက်ပြီး တာဝန်ရှိသူက တာဝန်မသိခြင်းမှာမူ နိုင်ငံ့သားကောင်းမမည်သည့် တာဝန်မဲ့သူသာ ဖြစ်မည်ဖြစ်သည်။ သို့ဖြစ်ရာ မိမိတို့နိုင်ငံအား ကောင်းသောအမွေခံနိုင်ငံဖြစ်စေရန်အတွက် တာဝန်သိသောသူများနှင့်အတူ တာဝန်ရှိသူများက လမ်းလွဲနေသူများအား ဝိုင်းဝန်းတည့်မတ်ထိန်းကျောင်းပေးခြင်းဖြင့် ကောင်းမွန်သောအနာဂတ်ကို ဖော်ဆောင်နိုင်မည်ဟု ရှုမြင်ပါသည်။ ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ လှော့ရန်မြို့၌ တည်ထားကိုးကွယ်မည့် စိနရင်္ဂ ရွှေတိဂုံပုံတူစေတီတော် ပန္နက်တော်တင်အခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၈

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရို၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လှော့ရန်မြို့၌ တည်ထားကိုးကွယ်မည့် စိနရင်္ဂရွှေတိဂုံပုံတူစေတီတော် ပန္နက်တော်တင်၊ တွင်းတော်ဝန်း၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားနှင့် PEONY (ပီအိုနီ) ရာသီပန်းပွဲတော် အခမ်းအနား၊ တရုတ်သာသနာရေးဗျူရိုနှင့် ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားများသို့ တက်ရောက်ရန် ဧပြီ ၉ ရက်တွင် လှော့ရန်မြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့်လှော့ရန်မြို့တော်ဝန် မစ္စတာ လီကျင့်ဖျင်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၀ ရက်တွင် လှော့ရန်မြို့ Bai Ma Si (မြင်းဖြူကျောင်းတော်)၌ ကျင်းပသည့် စိနရင်္ဂရွှေတိဂုံပုံတူစေတီတော်ပန္နက်တော်တင်၊ တွင်းတော်ဝန်း၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မင်္ဂလာအချိန်တွင် မြင်းဖြူကျောင်းတော် အရှေ့မြောက်ထောင့်မှစ၍ လက်ယာရစ်ပတ်ကာ ပန္နက်တော်တင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလယ်ဗဟိုပန္နက်နေရာတွင် ပန္နက်တော်တင်၍ တွင်းတော်ဝန်းကာ ထေရဝါဒ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်း အစဉ်အလာများအရ ရတနာနဝရတ်ကြုတ်ကို ထည့်သွင်းမြှုပ်နှံ၍ ရတနာအုတ်မြစ်တော်စီပြီး အမွှေးနံ့သာရည် ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ မြင်းဖြူကျောင်းတော်ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘုန်းတော်ကြီး ရင်လတ်အမှူးပြုသော တရုတ်ရဟန်းတော်များနှင့် တရုတ်ဗုဒ္ဓဘာသာဝင်များက စေတီတော်တည်ထားကိုးကွယ်မှုဆိုင်ရာ ကြိုတင်ပြင်ဆင်မှု မင်္ဂလာကိစ္စရပ်များကို ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ဆောင်ရွက်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့် လှော့ရန်မြို့တော်ဝန် မစ္စတာလီကျင့်ဖျင် ဦးဆောင်သည့် အကြီးအကဲများက ရွှေတိဂုံပုံတူစေတီတော် တည်ထားကိုးကွယ်မည့် မြေနေရာ၌ မြေပြုပြင်ခြင်းမင်္ဂလာကို ဆက်လက်ကျင်းပပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်းကာ ရွှေမိုး ငွေမိုး ရွာသွန်းဖြိုး၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှော့ရန်မြို့၌ကျင်းပသည့် အနှစ်(၃၀)မြောက် PEONY (ပီအိုနီ) ရာသီပန်းပွဲတော် အခမ်းအနားသို့ တက်ရောက်ကြည့်ရှု အားပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၁၁ ရက်တွင် လှော့ရန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တရုတ်သာသနာရေးဗျူရိုနှင့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရေးကိစ္စများ ညှိနှိုင်းဆွေးနွေးကာ လိုအပ်သည့်သဘောတူညီမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၄၈)ကြိမ်မြောက် မြို့လုံးကျွတ်ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၈

(၄၈)ကြိမ်မြောက် မြို့လုံးကျွတ်ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဇနီး ဒေါ်နုနုဇံ၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ အပူဇော်ခံအဘိုးအဘွားများနှင့် စေတနာရှင် အလှူရှင်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားကို ရခိုင်ရိုးရာမင်္ဂလာစည်တော်ဖြင့် ဖွင့်လှစ်ပြီး သက်ကြီးပူဇော်ပွဲကျင်းပရေး ကော်မတီအတွင်းရေးမှူး ဦးသိန်းထွန်းက သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသောဧည့်ပရိသတ်များက အဘိုးအဘွားများအား ပူဇော်ကန်တော့ကြသည်။

ယင်းနောက် အဘိုးအဘွားများအား မင်္ဂလာရေစင်ဖြင့် ပက်ဖျန်းပူဇော်ကြပြီး ၈၀ နှစ်နှင့်အထက် အဘိုးအဘွား ၁၀၈ ဦးတို့အား ကန်တော့ပစ္စည်းများကို လှူဒါန်းကြရာ အဘိုးဦးမောင်ညိုက ဆုတောင်းမေတ္တာပို့သသည်။

ထို့နောက် နက္ခတ်စုံလီ ရခိုင်ပြည်က အီးချမ်းဇီနှင့် ကျွဲကျောင်းသားအကများဖြင့် ဂါရဝပြုဖျော်ဖြေကြပြီး ရခိုင်ရိုးရာယိမ်းအကအဖွဲ့အား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်းနှင့် မြို့ပေါ်ရပ်ကွက်များရှိ သက်ကြီးအဘိုးအဘွားများအားလည်း လှည့်လည်ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် အဘိုးအဘွားများအား မင်္ဂလာရေစင်ဖြင့် ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

သက်ကြီးပူဇော်ပွဲနှင့် ငါးလွှတ်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၈

သထုံမြို့နယ်၏ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲနှင့် ငါးလွှတ်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၇ နာရီတွင် သထုံမြို့ ရွှေစာရံစေတီတော်ဝင်းအတွင်းရှိ သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဘိုးဘွားများအား ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် ရွှေစာရံစေတီတော်ဝင်းအတွင်းရှိ ခတ်တော်ဆေးကန်၌ ငါးများကို ဘေးမဲ့လွှတ် ကုသိုလ်ပြုခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

သထုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ သထုံမြို့ ရွှေစာရံစေတီတော်ဝင်းအတွင်းရှိ ခတ်တော်ဆေးကန်၌ ငါးများကို ဘေးမဲ့လွှတ် ကုသိုလ်ပြုကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၄-၂၀၁၂ (ကြာသပတေးနေ့)

၇း၀၅ တရားတော်
၅း၀၀ သာယာသီကြွေး
ခေတ်ဆန်းတေး
၅း၃၀ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း**
-မာယာနှုတ်ခမ်း
(အပိုင်း-၁၆၂)
(ဇာတ်သိမ်းပိုင်း)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၄၅ ကာတွန်းအစီအစဉ်
-စူပါဟမ်းစတား
(အပိုင်း-၄၃)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-သူရဲကောင်းလေး
ကျွန်မချစ်သူ
(အပိုင်း-၁၄)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-ကုန်သွယ်သုတ
-ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်"
(အပိုင်း-၁၄)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"သမုဒယနှောင်ကြိုး"
(အပိုင်း-၂၁)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၈ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၂. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၈၄၄၆	၀. ၀၃၂၄၂
တရုတ် (ယွမ်)	၆. ၃၀၂၅၆	၀. ၁၅၈၆၇
အိန္ဒိယ (ရူပီး)	၅၁. ၇၆၅၉	၀. ၀၁၉၃၂
မလေးရှား (ရင်းဂစ်)	၃. ၀၆၇၂၂	၀. ၃၂၆၀၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၂၀၂	၀. ၇၉၈၇၁
ဂျပန် (ယန်း)	၈၁. ၃၃၁၂	၀. ၀၁၂၃၀
တောင်ကိုရီးယား(ဝမ်)	၁၁၃၇. ၄၆	၀. ၀၀၀၈၈
ယူရို	၀. ၇၆၅၀၃	၁. ၃၀၇၁၄
ဗြိတိသျှ (ပေါင်)	၀. ၆၂၅၈၈	၁. ၅၉၇၇၆

အင်တာနက်။

အတာသင်္ကြန်ပွဲတော် ဆုပေးပွဲနှင့် ဗဟိုမဏ္ဍပ်ပိတ်ပွဲ တန့်ယန်း၌ ကျင်းပ

တန့်ယန်း ဧပြီ ၁၈

၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာအတာသင်္ကြန် ဆုချီးမြှင့်ပေးအပ်ပွဲနှင့် ဗဟိုမဏ္ဍပ်ပိတ်ပွဲကို ဧပြီ ၁၆ ရက် ညနေ ၆ နာရီခွဲတွင် မြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တန့်ယန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ အတာသင်္ကြန်ပွဲတော်ကျင်းပရေးနှင့် ယိမ်းအကပြိုင်ပွဲ ကျင်းပရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ယိမ်းအကအဖွဲ့များမှ လှပျိုဖြူများ၊ ကြီးကြပ်သူများနှင့် မိဘပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က နှစ်သစ်မင်္ဂလာ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့တို့မှဆုရရှိကြသည့် ပထမဆုရ ပညာရေး၊ ဒုတိယဆုရ ရပ်ကွက် (၂+၄)၊ တတိယဆုရ အမက(၃၅၁)နှင့် နှစ်သိမ့်ဆုရအသင်းတို့အား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆုရရှိကြသော ယိမ်းအဖွဲ့တို့က ပြန်လည်ကပြဖျော်ဖြေကြကာ ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာမဟာအတာသင်္ကြန်ပွဲတော်နှင့် ဗဟိုမဏ္ဍပ်ကို ပိတ်သိမ်းလိုက်သည်။

၁၃၇၄ ခုနှစ် နှစ်ဆန်း ၁ ရက်နေ့တွင်လည်း သက်ကြီးပူဇော်ပွဲနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးတို့တွင် နှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားတော်များကို မြို့နယ်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော်ကြီးများဦးစီးလျက် ဆရာတော်အရှင်သူမြတ်များက လှည့်လည်ရွတ်ဖတ်ကြကြောင်း သိရသည်။ (၆၅)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် ဇနီး ဒေါ်ကံဆီးဆိုင်းလုံတို့ အဘိုး အဘွားများအား ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြုကန်တော့ကြစဉ်။ (သတင်းစဉ်)

သက်ကြီးပူဇော်ပွဲ၊ ဇီဝိတဒါန ငါးလွှတ်ပွဲ၊ သွေးလှူဒါန်းပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားများကျင်းပ

နေပြည်တော် ဧပြီ ၁၈

သက်ကြီးပူဇော်ပွဲ၊ ဇီဝိတဒါနငါးလွှတ်ပွဲ၊ သွေးလှူဒါန်းပွဲနှင့် အန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနားများကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် ဇနီး ဒေါ်ကံဆီးဆိုင်းလုံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြပြီး (၇၅)နှစ်နှင့်အထက် အဘိုး အဘွား ၇၈ ဦးတို့အား ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြုကန်တော့ကြရာ အသက်(၉၀)ကျော်အဘိုး ဆရာကြီးဦးတင်ဖေက ဆုတောင်းမေတ္တာပို့သသည်။ ဆက်လက်၍ ဇီဝိတဒါန ငါးလွှတ်ပွဲကို သာသနာ့ဗိမာန်ဆိပ်ကမ်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များက ရွှေဝါငါးကြင်းနှင့် ထိုင်းငါးခုံးမ သားပေါက်ကောင်ရေ နှစ်သိန်းကျော်ကို ဧရာဝတီမြစ်အတွင်းသို့ လွှတ်ပေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ အထွေထွေအထူးကုဆေးရုံကြီး၌ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီက စီစဉ်ဆောင်ရွက်သည့် စုပေါင်းသွေးလှူဒါန်းပွဲသို့ သွားရောက်၍ စေတနာ သွေးလှူရှင် ၇၀ တို့၏ သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကြပြီး အာဟာရများနှင့် ဆေးများပေးအပ်ကာ ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ ငွေကျပ်သုံးသိန်း လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ကျင်းပသည့် အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားသို့ တက်ရောက်နာယူကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လှူဒါန်း၍ နေ့ဆွမ်းဆက်ကပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေးမြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်းပရိတ်ရွတ်ပွဲများ ကျင်းပ

နေပြည်တော် ဧပြီ ၁၈

ဇီဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ အန္တရာယ်ကင်းပရိတ်ရွတ်ပွဲ အခမ်းအနားများကို ဧပြီ ၁၇ ရက် နံနက် ၇ နာရီခွဲတွင် မကွေးမြို့၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်ဇနီး ဒေါ်စမ်းစမ်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မကွေးခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဇီဝိတဒါနငါးလွှတ်ပွဲကို ဧရာဝတီမြစ်ကမ်း ညောင်နှစ်ပင်ဆိပ်ကမ်း၌ ကျင်းပရာ ရွှေဝါငါးကြင်းနှင့် ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေ ၈၀၀၀၀ ခန့်ကို ဧရာဝတီမြစ်အတွင်းသို့ ဇီဝိတဒါန လွှတ်ပေးကြသည်။

ဆက်လက်၍ သက်ကြီးပူဇော်ပွဲကို ဖန်ခါးမြေဘိုးဘွားရိပ်သာ၌ ကျင်းပရာ ဘိုးဘွား ၆၉ ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက ကန်တော့၍ ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။ ထို့နောက်(၉၅)နှစ်ရှိ အဘိုး ဦးချစ်လှိုင်က ဆုပေးစကား ပြောကြားသည်။

ယင်းနောက် ဘိုးဘွားရိပ်သာစားရိပ်သာ၌ အဘိုး အဘွားများအား အာဟာရကျွေး၍ ကုသိုလ်ယူကြသည်။ ယနေ့ကန်တော့သော အဘိုး အဘွားများမှာ မြို့ပေါ် ၁၅ ရပ်ကွက်မှ ဘိုးဘွား ၄၅ ဦး၊ ဖန်ခါးမြေဘိုးဘွားရိပ်သာမှ ၂၄ ဦး စုစုပေါင်း ၆၉ ဦးဖြစ်ကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ညနေပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဧည့်ခန်း၌ ကျင်းပရာ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသာသန အမှူးပြုသော ဆရာတော် သံဃာတော် ငါးပါးထံမှ ငါးပါးသီလ ခံယူကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားသည့် ပရိတ်တရားတော်များကို နာယူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းပြည်နယ် ထန်တလန်မြို့နယ် ထာအို-ဆိုင်စီချောက် ကားလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ ကားလမ်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ထန်တလန်မြို့နယ် ထာအို - ဆိုင်စီချောက် ကားလမ်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၈

ချင်းပြည်နယ် ထန်တလန်မြို့နယ် ထာအို-ဆိုင်စီချောက် ကားလမ်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၅ ရက် နံနက် ၉ နာရီတွင် ထာအိုကျေးရွာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်တို့က အမှာစကား ပြောကြားကြပြီး ဒေသခံပြည်သူများ ကိုယ်စား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချွမ်ဟရဲက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှမ်ထန်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဗန်ကျုံးမန်တို့က ထာအို - ဆိုင်စီချောက် ကားလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ထာအို - ဆိုင်စီချောက် ကားလမ်းသည် မြေသားကားလမ်းဖြစ်ပြီး အကျယ် ၁၂ ပေရှိကာ ဟားခါး-ထန်တလန်လမ်းမကြီးသို့ ဆက်သွယ်သည့် လမ်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အင်းတော်မြို့နယ်၌ သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပ

မော်လူး ဧပြီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာရပ်ကွက်ရှိ အသက်(၈၀) အထက် သက်ကြီးဘိုးဘွား ၅၁ ဦးတို့အား (၂၂)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၆ ရက် ညနေ ၅ နာရီတွင် မန္တလေး-မြစ်ကြီးနား ဗျူဟာကားလမ်းအနီး ဆုံစည်းရာလက်ဖက်ရည်ဆိုင်အနီးတွင် သက်ကြီးပူဇော်ပွဲကို ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(အောက်ဝဲပုံ)**

သက်ကြီးပူဇော်ပွဲအတွက် စေတနာရှင် အလှူရှင်များနှင့် ရပ်ကွက်နေ ပြည်သူများ၏ လှူဒါန်းငွေကျပ် ၁၇၃၆၆၅၀ ဖြင့် သက်ကြီးဘိုးဘွား ၅၁ ဦးတို့အား အလှူငွေများကို စေတနာရှင်အလှူရှင်များက လိုက်လံကန်တော့ခဲ့ကြကြောင်း သိရှိရသည်။

(၆၈၅)

ဂန့်ဂေါမြို့နယ် သက်ကြီးပူဇော်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၈

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီက ကြီးမှူးကျင်းပသည့် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အဘိုး အဘွား ၆၀ တို့အား ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဂါရဝပြု ကန်တော့ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ဇီဝိတဒါနငါးလွှတ်ပွဲကို ဧပြီ ၁၇ တွင် မိတ္ထီလာမြို့ရှိ မိတ္ထီလာ တောင်ကန်၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများက ငါးသားပေါက်များကို ဇီဝိတဒါန အဖြစ် လွှတ်ပေးကြစဉ်။ (၅၇၉)

ယခုနှစ် ရန်ကုန်မြို့ သင်္ကြန်ပွဲတော်ရက်များအတွင်း ယာဉ်မတော်တဆမှု ၃၀ ဖြစ်ပေါ်ခဲ့ပြီး လေးဦးသေဆုံးကာ ၁၀၆ ဦး ဒဏ်ရာရရှိ

ရန်ကုန် ဧပြီ ၁၈

ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တွင် ယာဉ်မတော်တဆမှုပေါင်း ၃၀ ဖြစ်ပေါ်ခဲ့ပြီး လေးဦး သေဆုံးခဲ့ကာ ၁၀၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ သိရှိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုများစာရင်းသည် မဟာသင်္ကြန်ပွဲတော် အကြိုနေ့မှ အတက်နေ့အထိ ပွဲတော်ရက်များအတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု စာရင်းဖြစ်ပြီး အဆိုပါစာရင်းတွင် သင်္ကြန်ရေပက်ကစားရင်း ဖြစ်ပေါ်ခဲ့သော ယာဉ်မတော်တဆမှုစာရင်းနှင့် သင်္ကြန်ရေပက်ကစားခြင်းကြောင့် မဟုတ်ဘဲ ရိုးရိုး ယာဉ်မောင်းနှင်ရာမှ ဖြစ်ပေါ်ခဲ့သော ယာဉ်မတော်တဆမှုစာရင်းတို့ ပါဝင်သည်ဟု သိရသည်။

သင်္ကြန်ပွဲတော်ရက်အတွင်း ယာဉ်မတော်တဆမှုပေါင်း ၃၀၊ သေဆုံးသူ လေးဦးနှင့် ဒဏ်ရာရရှိခဲ့သူ ၁၀၆ ဦး ရှိခဲ့ရာတွင် ရေပက်ကစားမှုကြောင့် ဖြစ်ပေါ်ခဲ့သော ယာဉ်မတော်တဆမှုမှာ သင်္ကြန်အကြိုနေ့တွင် နှစ်မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ရှစ်ဦး ရှိခဲ့သည်။ သင်္ကြန်အကျနေ့တွင် မတော်တဆမှု တစ်မှုနှင့် ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးရှိခဲ့ပြီး သင်္ကြန်အကြတ်နေ့(ပထမနေ့)တွင် ယာဉ်မတော်တဆမှု သုံးမှု၊ ထိခိုက်ဒဏ်ရာရရှိသူ ၂၅ ဦး ရှိခဲ့သည်။ သင်္ကြန်အတက်နေ့တွင် ယာဉ်မတော်တဆမှု တစ်မှုနှင့် ဒဏ်ရာရရှိသူ ၁၆ ဦး ရှိခဲ့သည်ဟု သိရသည်။

ရေပက်ကစားမှုကြောင့် မဟုတ်ဘဲ ရိုးရိုးယာဉ်မောင်းနှင်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ယာဉ်မတော်တဆမှုများမှာ သင်္ကြန်ရက်များအတွင်း ၂၃ မှု ဖြစ်ပေါ်ခဲ့ပြီး သေဆုံးသူ လေးဦးရှိခဲ့ကာ ဒဏ်ရာရရှိသူ ၅၆ ဦးထိ ရှိခဲ့သည်ဟု သိရသည်။

အဆိုပါ သင်္ကြန်ရက်များအတွင်း ဖြစ်ပေါ်ခဲ့သော ယာဉ်မတော်တဆမှု ဖြစ်စဉ်များသည် ပြီးခဲ့သည့် ၂၀၀၇၊ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀ ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု ဖြစ်စဉ်များ၊ သေဆုံး၊ ဒဏ်ရာရရှိမှုစာရင်းများထက် ပိုမိုများပြားခဲ့ပြီး ၂၀၁၁ ခုနှစ်ထက် အနည်းငယ် လျော့နည်းခဲ့သော်လည်း ဒဏ်ရာရရှိမှု စာရင်းမှာ စံချိန်တင် များပြားခဲ့သည်။ ယခုနှစ်တွင် ယခင်နှစ်များကထက် လုံခြုံရေး ပိုမိုတင်းကျပ်ခဲ့ခြင်း အပြင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ လုံခြုံရေး ဝန်ထမ်းများကိုလည်း တာဝန်များ ချထားစေခဲ့ပြီး သင်္ကြန်ကာလအတွင်း လိုက်နာရန် စည်းကမ်းချက်များ၊ သတိမှတ်ချက်များနှင့် ယာဉ်လမ်းကြောင်းစနစ်များကိုလည်း ကြိုတင်သတိပေးထုတ်ပြန်မှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။

(၀၀၁)

နှစ်စဉ် မဟာသင်္ကြန်ရက်များအတွင်း ရန်ကုန်မြို့တွင် ဖြစ်ပေါ်ခဲ့သော ယာဉ်တိုက်မှု၊ သေဆုံးနှင့် ဒဏ်ရာရရှိမှုစာရင်း

ခုနှစ်	ယာဉ်တိုက်မှု	သေဆုံးသူဦးရေ	ဒဏ်ရာရရှိသူဦးရေ
၂၀၀၄	၃၃	၇	၃၉
၂၀၀၅	၁၇	၁	၂၅
၂၀၀၆	၃၉	၅	၄၄
၂၀၀၇	၂၁	-	၅၇
၂၀၀၈	၉	၄	၁၅
၂၀၀၉	၂၂	၅	၄၅
၂၀၁၀	၂၁	၅	၃၃
၂၀၁၁	၃၂	၅	၆၉
၂၀၁၂	၃၀	၄	၁၀၆

ပြည်ထောင်စုပွား
တိုင်းရင်းသား
တားဆီးကာကွယ်
မီးရန်စွယ်

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စတော့ရှယ်ယာ ရောင်းဝယ်ရေး ဈေးကွက်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယခုနှစ်တွင် ကမ္ဘာ့စီးပွားရေး ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်နိုင်

ဝါရှင်တန် ဧပြီ ၁၈

ကမ္ဘာ့စီးပွားရေးသည် ယခုနှစ်တွင် ၃ ဒသမ ၅ရာခိုင်နှုန်းခန့်နှင့် လာမည့်နှစ်တွင် ၄ ရာခိုင်နှုန်းကျော် တိုးတက်လာမည်ဟု ခန့်မှန်းရကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)က ထုတ်ပြန်သော "ကမ္ဘာ့စီးပွားရေး အလားအလာ"အမည်ရှိ အစီရင်ခံစာတွင် ဖော်ပြသည်။

သို့ရာတွင် ကမ္ဘာ့စီးပွားရေးစနစ်သည် အလွယ်တကူထိခိုက်နိုင်သည့် အနေအထားတွင် ရှိနေဆဲဖြစ်ပြီး လာမည့်လများအတွင်း စီးပွားရေးဆိုင်ရာ ဘေးဥပဒ်များ ကျရောက်နိုင်ဖွယ်ရှိကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြသည်။

လွန်ခဲ့သည့်ခြောက်လတာကာလအတွင်း ကမ္ဘာ့စီးပွားရေးသည် တက်လိုက်ကျလိုက်ရှိခဲ့ကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ စီးပွားရေးပညာရှင် အိုလီဗာဘလန့်ချက်က ပြောကြားသည်။

ဥရောပတိုက်၏စီးပွားရေးသည် ယခုနှစ်၌ တိုးတက်မှုနှုန်း အလွန်နှေးကွေးနေမည်ဟု ခန့်မှန်းရကြောင်း၊ အမေရိကန်နိုင်ငံ၏ စီးပွားရေးမှာမူ ယခုနှစ်တွင် ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်နိုင်ပြီး ၂၀၁၃ ခုနှစ်၌ ဖော်ပြပါ ရာခိုင်နှုန်းထက် အနည်းငယ် ပိုမိုတိုးတက်လာနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ **အင်တာနက်။**

အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ရေး အစီအစဉ်၌ ဗီယက်နမ်နှင့် အမေရိကန်တပ်ဖွဲ့များ ပါဝင်မည်

ဟန္နိုင်း ဧပြီ ၁၈

ဗီယက်နမ်နှင့် အမေရိကန်နိုင်ငံတို့သည် တိုက်ခိုက်ရေးနှင့် မသက်ဆိုင်သော အပြန်အလှန်ဖလှယ်ရေး အစီအစဉ်တစ်ရပ်ကို ငါးရက်ကြာပြုလုပ်မည်ဖြစ်ကြောင်း အမေရိကန်သံရုံးက ဧပြီ ၁၇ ရက်တွင် ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အပြန်အလှန်ဖလှယ်

ဗီယက်နမ်နှင့် အမေရိကန်နိုင်ငံတို့မှ ရေတပ်တပ်ဖွဲ့ဝင်များသည် ဒါနန်းပင်လယ်ဆိပ်ကမ်းမြို့၌တွေ့ဆုံကာ ရေကြောင်းသွားလာခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်း အတွေ့အကြုံများကို အပြန်အလှန်ဖလှယ်ကြမည်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

ငါးရက်ကြာ

အမေရိကန် အမှတ် -၇ ရေတပ်ဖွဲ့မှ ယူအက်စ်အက်စ်ဘလူးရစ်ဂျ်၊ ယူအက်စ်အက်စ်ချာပီးဖျက်သင်္ဘောနှင့် ကယ်ဆယ်ရေးသင်္ဘော ယူအက်စ်အင်န်အက်စ်ဆေ့ဖ်ဂတ်တို့သည် ဒါနန်းပင်လယ်ဆိပ်ကမ်း၌ ဧပြီ ၂၃ ရက်မှစတင်ကာ ငါးရက်ကြာရှိနေမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ **အင်တာနက်။**

အင်တာနက်မှ မူးယစ်ဆေးရောင်းချမှု အမေရိကန်အာဏာပိုင်များ ဖြိုခွင်းနိုင်

လော့စ်အိန်ဂျလိစ် ဧပြီ ၁၈

အင်တာနက်မှတစ်ဆင့် ဓာတုဗေဒမူးယစ်ဆေးဝါးရောင်းချနေသည့်ဂိုဏ်းများကို အမေရိကန်အာဏာပိုင်များက ဖြိုခွင်းလိုက်နိုင်ကြောင်း သတင်းဌာနများက ဧပြီ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်အာဏာပိုင်များသည် စကော့တလန်၊ ကိုလံဘီယာ၊ နယ်သာလန်နိုင်ငံတို့မှ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အင်တာနက်မှတစ်ဆင့် ဓာတုဗေဒမူးယစ်ဆေးဝါးရောင်းချနေမှုကို ဖြိုခွင်းနိုင်ရန် နှစ်နှစ်ကြာမျှ စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း အမေရိကန်တရားရေးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ကမ္ဘာအရပ်ရပ်သို့ ဓာတုဗေဒမူးယစ်ဆေးဝါးများကို တရားမဝင်တင်ပို့ရောင်းချနိုင်ရန် လုပ်ဆောင်နေသူများကို စုံစမ်းဖော်ထုတ်နိုင်ရန် စစ်ဆင်ရေးလုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်ခဲ့ကြောင်း အမေရိကန်မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က ပြောကြားသည်။

မူးယစ်ဆေးဝါးတင်ပို့သောဂိုဏ်းများသည် အယ်လ်အက်စ်ဒီ၊ အက်စ်တက်ဆီနှင့် အခြားသောစိတ်ကြွရူးသွပ်ဆေးဝါးများကို ကမ္ဘာတစ်ဝန်းသို့ တင်ပို့ရောင်းချနိုင်ရန် အင်တာနက်မှတစ်ဆင့် လှုပ်ရှားခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။ **အင်တာနက်။**

အမေရိကန်နိုင်ငံ မိန်းပြည်နယ်၌ မူးယစ်ဆေးဝါးဂိုဏ်းသားများကို ရဲတပ်ဖွဲ့က စီးနင်းစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဩစတြေးလျနှင့် နယူးဇီလန်တပ်ဖွဲ့များ သတ်မှတ်ချိန်ထက်စော၍ အာဖဂန်မှရုပ်သိမ်းမည်

ဆစ်ဒနီ ဧပြီ ၁၈

ဩစတြေးလျအစိုးရက အာဖဂန်နစ္စတန်နိုင်ငံ၌ တာဝန်ထမ်းဆောင်နေသော ၎င်း၏တပ်ဖွဲ့ဝင် အများစုကို မူလစီစဉ်ထားသည်ထက် တစ်နှစ်စော၍ ၂၀၁၃ ခုနှစ်တွင် ရုပ်သိမ်းမည်ဖြစ်ကြောင်း ဧပြီ ၁၇ ရက်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၏ အဓိကမဟာမိတ်နိုင်ငံဖြစ်သည့် ဩစတြေးလျသည် ၎င်း၏တပ်ဖွဲ့ကို အာဖဂန်နစ္စတန်၌ ၂၀၁၄ ခုနှစ်တိုင်သည်အထိ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့၌ လာမည့်လတွင် ကျင်းပမည့် နေတိုးထိပ်သီးညီလာခံတွင် ၎င်း၏ တပ်ရုပ်သိမ်းရေးအစီအစဉ်ကို တင်ပြမည်ဖြစ်သည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ နေတိုးအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးများ ဆွေးနွေးပွဲမကျင်းပမီ ဩစတြေးလျဝန်ကြီးချုပ်၏ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဩစတြေးလျတပ်ဖွဲ့အများစု အခြေစိုက်ထားသည့် ဥရုဇဂန်ပြည်နယ်၏လုံခြုံရေးကို တာဝန်ယူမည်ဖြစ်ကြောင်း အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ကြေညာလျှင်ကြေညာချင်း ၎င်းတို့ စတင်ထွက်ခွာမည်ဖြစ်သည်ဟု ဂီလတ်က ပြောကြားခဲ့သည်။

ထိုနည်းတူစွာပင် အာဖဂန်နစ္စတန်နိုင်ငံမှ တပ်ဖွဲ့ဝင်များအား မူလစီစဉ်ထားသည့် တပ်ရုပ်သိမ်းရေးကာလထက်စောစွာ ပြန်လည်ရုပ်သိမ်းရန် နယူးဇီလန်နိုင်ငံက အလေးအနက်စဉ်းစားလျက်ရှိသည်ဟု သတင်းတွင် ဖော်ပြသည်။

နယူးဇီလန်တပ်ဖွဲ့ဝင် ၁၄၀ တို့သည် အာဖဂန်နစ္စတန်နိုင်ငံ ဘာမီရမ်ပြည်နယ်မှ ၂၀၁၄ ခုနှစ်မတိုင်မီ ပြန်လည်ရုပ်သိမ်းဖွယ်ရှိသည်ဟု ဧပြီ ၁၈ ရက်တွင် နယူးဇီလန်ဝန်ကြီးချုပ် ဂွန်ကီး၏ ပြောကြားချက်ကို နယူးဇီလန်နိုင်ငံ အသံလွှင့်ဌာနက ထုတ်လွှင့်သည်။ **အင်တာနက်။**

ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းများ ချေချင်းညာဒေသ၌ရှာဖွေတွေ့ရှိ

ဂရိုဇနီ ဧပြီ ၁၈

ရုရှားနိုင်ငံရှိ မငြိမ်မသက်ဖြစ်နေသော ချေချင်းညာဒေသ၌ ဒိုင်နိုဆော ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၆၀ ကျော်က ကမ္ဘာပေါ်တွင် မှီတင်းနေထိုင်ခဲ့သော ဒိုင်နိုဆောများနှင့် သက်ဆိုင်သည့် ကျောက်ဖြစ်ရုပ်ကြွင်းများကို ဘူမိဗေဒပညာရှင်များက ရှာဖွေတွေ့ရှိခဲ့သည်။

ချေချင်းညာဒေသ၌ ရှာဖွေတွေ့ရှိရသော ဒိုင်နိုဆောရုပ်ကြွင်းများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒိုင်နိုဆော ရုပ်ကြွင်း ၄၀ ခန့်ကို မိမိတို့ရှာဖွေတွေ့ရှိခဲ့ကြောင်း ချေချင်းညာပြည်နယ်တက္ကသိုလ်မှ ဘူမိဗေဒပညာရှင်တစ်ဦးက ပြောကြားသည်။

မြေအောက်၌ တည်ရှိနေသော ဒိုင်နိုဆောရုပ်ကြွင်း အများအပြားရှိနိုင်သဖြင့် ဒိုင်နိုဆောအရေအတွက်ကို အတိအကျမပြောနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ချေချင်းညာပြည်နယ်နှင့် ဂျော်ဂျီယာနိုင်ငံတို့ ထိစပ်နေသော နယ်စပ်ဒေသ၌ ကားလမ်းဖောက်လုပ်ရန် တောင်ကုန်းဒေသတစ်ခုကို ဖြိုဖျက်ရာမှ ဒိုင်နိုဆောရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိရခြင်း ဖြစ်သည်။

ရှာဖွေတွေ့ရှိရသော ဒိုင်နိုဆောရုပ်ကြွင်းများသည် မည်သည့် ဒိုင်နိုဆောအမျိုးအစားနှင့် သက်ဆိုင်သည်ကို သုတေသန ပြုလုပ်ရန် လိုအပ်နေဆဲဖြစ်သည်။ **အင်တာနက်။**

မက္ကဆီကိုနိုင်ငံရှိ ပိုပိုကက်တီပီတယ် မီးတောင်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကို၌ မီးတောင်တစ်လုံး သက်ဝင်လှုပ်ရှား၊ ဒေသခံများအား သတိပေးချက်ထုတ်ပြန်

မက္ကဆီကိုစီးတီး ဧပြီ ၁၈

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးအနီးရှိ ပိုပိုကက်တီပီတယ်မီးတောင်မှ ကျယ်လောင်သော မြည်ဟီးသံများကို ဆူညံစွာကြားရကြောင်း ဒေသခံများက ဧပြီ ၁၆ရက်တွင် ပြောကြားကြသည်။ အဆိုပါမီးတောင်လှုပ်ရှားလာမှုကြောင့် အာဏာပိုင်များက သတိပေးမှုများကို တိုးမြှင့်ပြုလုပ်ခဲ့ကြောင်း သတင်းများ၌ ဖော်ပြထားသည်။

အာဏာပိုင်များသည် ဧပြီ ၁၆ ရက်နှောင်းပိုင်းတွင် သတိပေးချက်အဆင့်ကို အဝါရောင်အဆင့် ၃ သို့ တိုးမြှင့်ခဲ့သည်။ မက္ကဆီကိုစီးတီးမှ၃၅မိုင်(၅၅ကီလိုမီတာ)အကွာတွင်တည်ရှိပြီး ရေခဲမြစ်စီးဆင်းနေသော ယင်းမီးတောင်၏ပတ်လည် ဘေးအန္တရာယ်ဇုန်နယ်မြေသတ်မှတ်ချက်ကို တိုးချဲ့ပေးခဲ့သည်။

ပျူဘလာပြည်နယ် တာဝန်ရှိသူများသည် မီးတောင်ဘေးအန္တရာယ်ကြောင့် ထွက်ပြေးလာသူများ ခိုလှုံနိုင်စေရန် ယာယီစခန်းများကို ဖွင့်လှစ်ပေးမည်ဖြစ်သည်။ မီးတောင်၏လှုပ်ရှားမှုများ အားပျော့လာပုံရသော်လည်း သတိပေးချက်ကို ထုတ်ပြန်ထားဆဲဖြစ်ကြောင်း မက္ကဆီကိုအမျိုးသား သဘာဝဘေးကာကွယ်ရေးဌာနက ဧပြီ ၁၇ ရက်တွင် ပြောကြားသည်။

ပိုပိုကက်တီပီတယ်မီးတောင်သည် မက္ကဆီကိုနိုင်ငံတွင် ဒုတိယအမြင့်ဆုံးတောင်ဖြစ်သည်။ **အင်တာနက်။**

အာတိတ်ဒေသ၌ ကျယ်ပြန့်သော အခန်းကဏ္ဍမှ ပါဝင်နိုင်ရေး တရုတ်ကြိုးပမ်းနေ

ပေကျင်း ဧပြီ ၁၈

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင် **(အပေါ်ပုံ)** သည် မကြာမီကာလအတွင်း အိုက်စလန်နှင့် ဆွီဒင်နိုင်ငံများသို့ အလည်အပတ်သွားရောက်၍ အာတိတ်ဒေသဖွံ့ဖြိုး တည်ငြိမ်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် ပိုမိုကျယ်ပြန့်သော အခန်းကဏ္ဍမှပါဝင်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တရုတ်အစိုးရ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဧပြီ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

ယင်းအပြင် တရုတ်နိုင်ငံသည် အာတိတ်ဒေသနှင့် ဆက်စပ်နေသော နိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် အာတိတ်ကောင်စီတွင်လည်း လေ့လာသူနိုင်ငံတစ်နိုင်ငံအနေဖြင့် ပါဝင်လိုကြောင်း သိရသည်။

ဧပြီ ၂၀ ရက်မှ ၂၇ ရက်အထိ ကြာမြင့်မည့် ဥရောပလေးနိုင်ငံခရီးစဉ်အတွင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်သည် အိုက်စလန်၊ ဆွီဒင်၊ ဂျာမနီနှင့် ပိုလန်နိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း တရုတ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဆွန်တောင်းက ပြောကြားခဲ့သည်။

အာတိတ်ဒေသ ရေရှည်ဖွံ့ဖြိုးရေး၊ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို ဖော်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများနှင့် လက်တွဲဆောင်ရွက်နိုင်ရန် တရုတ်နိုင်ငံက မျှော်လင့်ထားကြောင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆွန်က ပြောကြားခဲ့သည်။

အာတိတ်ကောင်စီ၌ လေ့လာသူနိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ခွင့်ရရေးအတွက် ဆွီဒင်နိုင်ငံ၏ ထောက်ခံမှုကို တရုတ်နိုင်ငံက ရရှိထားပြီးဖြစ်သည်။

အိုက်စလန်နိုင်ငံသို့ သွားရောက်စဉ်အတွင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်သည် ဘူမိအပူစွမ်းအင်ကဏ္ဍ၊ မြောက်ဝင်ရိုးစွန်း အလင်းရောင်ဆိုင်ရာ သုတေသနကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် တရုတ်-အိုက်စလန် နှစ်နိုင်ငံဆက်ဆံရေး တိုးချဲ့နိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်သည်။

အင်တာနက်။

ယူအေအီးနှင့် အီရန်အကြား ကျွန်းများပိုင်ဆိုင်ခွင့်အငြင်းပွားမှု ဖြေရှင်းရေး ပင်လယ်ကွေ့နိုင်ငံများမှ ခေါင်းဆောင်များ အရေးပေါ်အစည်းအဝေးကျင်းပ

ဒိုဟာ ဧပြီ ၁၈

အီရန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)တို့အကြား နယ်မြေပိုင်ဆိုင်ခွင့်အငြင်းပွားမှုများနှင့်ပတ်သက်၍ ဆွေးနွေးရန် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဧပြီ ၁၇ ရက်တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌တွေ့ဆုံ၍ အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

ခြိမ်းခြောက်လာနိုင်

ပါရှန်ပင်လယ်ကွေ့အတွင်းရှိ ကျွန်းသုံးကျွန်းအား ပိုင်ဆိုင်ခွင့်ရရေးနှင့် စပ်လျဉ်း၍ အီရန်နှင့် ယူအေအီးတို့အကြား ပေါ်ပေါက်လျက်ရှိသော အငြင်းပွားမှုသည် နိုင်ငံတကာလုံခြုံရေးကို ထိပါးခြိမ်းခြောက်လာနိုင်ကြောင်း လေ့လာသူအချို့က ယုံကြည်ထားသည်။

ပါရှန်ပင်လယ်ကွေ့ရှိ အဘူမူဆာအမည်ရကျွန်းပေါ်သို့ ဧပြီ ၁၁ ရက်က အီရန်သမ္မတ အမာဒီနီဂျက် သွားရောက်ခဲ့ပြီးနောက် ဂျီစီစီအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ အရေးပေါ်အစည်းအဝေး ကျင်းပခဲ့ခြင်းဖြစ်သည်။

ဟော်မုဇ်ရေလက်ကြားအနီး တည်ရှိသော အဘူမူဆာကျွန်းသည် အီရန်နှင့် ယူအေအီးနှစ်နိုင်ငံလုံးက ပိုင်ဆိုင်ခွင့်အသီးသီး တောင်းခံထားသည့် ကျွန်းသုံးကျွန်းအနက် တစ်ကျွန်းဖြစ်သည်။

ပိုင်ဆိုင်ခွင့်အငြင်းပွားလျက်ရှိသော ကျွန်းများအား ထိန်းချုပ်ထားခြင်းကို အဆုံးသတ်ရန် ယူအေအီးနိုင်ငံခြားရေးဝန်ကြီးက အီရန်နိုင်ငံကို တောင်းဆိုခဲ့သည်။ အီရန်သမ္မတ အမာဒီနီဂျက်၏ ဧပြီ ၁၁ ရက် ခရီးစဉ်သည် ယူအေအီးနိုင်ငံ၏ အချုပ်အခြာကို ကျော်နင်းချိုးဖောက်ခြင်းဖြစ်ကြောင်း ယူအေအီးနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

အင်တာနက်။

ဂျီစီစီအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ ဧပြီ ၁၇ ရက်က အရေးပေါ်ဆွေးနွေးပွဲ ကျင်းပစဉ်။

အီရန်နိုင်ငံ လပ်သ်သဲကန္တာရကို ကမ္ဘာ့အပူဆုံးဒေသအဖြစ် သတ်မှတ်

ဟယ်လီနာ(မွန်တားနား) ဧပြီ ၁၈

လစ်ဗျားနိုင်ငံ အနောက်မြောက်ပိုင်းရှိ အယ်လ်အဇီဇီးရားမြို့ကို ကမ္ဘာ့အပူဆုံးနေရာဒေသအဖြစ် သိပ္ပံပညာရှင်များက ရံဖန်ရံခါ ရည်ညွှန်းသတ်မှတ်ခဲ့ကြသည်။

ယူဆသတ်မှတ်ခဲ့

၁၉၂၂ ခုနှစ် စက်တင်ဘာ ၂၃ ရက် တိုင်းတာချက်များအရ အယ်လ်အဇီဇီးရားမြို့၏ အပူချိန်သည် ၁၃၆ ဒီဂရီဖာရင်ဟိုက်အထိရှိခဲ့ရာ ကမ္ဘာ့စံချိန်တင် အမြင့်ဆုံးအပူချိန်အဖြစ် ယူဆသတ်မှတ်ခဲ့ကြသည်။

သို့ရာတွင် ဂြိုဟ်တုမှ ပေးပို့သော ကမ္ဘာ့အပူချိန်ဆိုင်ရာ အချက်အလက်များအရ အယ်လ်အဇီဇီးရားမြို့သည် ကမ္ဘာပေါ်တွင် အပူဆုံးဒေသမဟုတ်သေးကြောင်း အမေရိကန်ပြည်ထောင်စု မွန်တားနားတက္ကသိုလ်မှ သုတေသနပညာရှင်များက ဧပြီ ၁၆ ရက်တွင် သုံးသပ်ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု ဘူမိတိုင်းတာရေးအေဂျင်စီပိုင် လန်းဆက်ဂြိုဟ်တုမှပေးပို့သော အပူချိန်ဆိုင်ရာ အချက်အလက်များအား လေ့လာကြည့်ပါက ကမ္ဘာ့အပူဆုံးနေရာသည် လစ်ဗျားနိုင်ငံ၏ အယ်လ်အဇီဇီးရားမြို့မဟုတ်ဘဲ အီရန်နိုင်ငံမှ လပ်သ်သဲကန္တာရဒေသဖြစ်ကြောင်း အမေရိကန်သုတေသီများက ပြောကြားခဲ့သည်။

၂၀၀၅ ခုနှစ် တိုင်းတာချက်များအရ လပ်သ် သဲကန္တာရဒေသ၌ အပူချိန်သည် ၁၅၉ ဒသမ ၃ ဒီဂရီဖာရင်ဟိုက်ရှိခဲ့ရာ ယင်းဒေသသည်သာ ကမ္ဘာ့အပူဆုံးဒေသဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ရွေးချယ်ရန်ခက်ခဲ

ဆာဟာရ၊ ဂိုဘီ၊ ဆိုနိုရန်နှင့် လပ်သ်စသော ကမ္ဘာ့အပူဆုံး သဲကန္တာရဒေသများသည် ရာသီဥတုကြမ်းတမ်း၍ ဝေးလံခေါင်သီသောဒေသများဖြစ်ရာ အပူချိန်ပုံမှန်တိုင်းတာရေးနှင့် မိုးလေဝသစခန်းထားရှိရေးတို့မှာ လက်တွေ့အားဖြင့် မဖြစ်နိုင်သောကြောင့် ကမ္ဘာ့အပူဆုံးဒေသကို ရွေးချယ်ရန် ယခင်က ခက်ခဲခဲ့ကြောင်း သုတေသီများက ပြောကြားသည်။

အင်တာနက်။

ဆုငွေအထုတ်ခံထားရသော တာလီဘန်စစ်မှူး ကိုယ်တိုင်အဖမ်းခံ၍ ဆုငွေတောင်းခံ

ကဘူး ဧပြီ ၁၈

တာလီဘန် စစ်မှူးတစ်ဦးကို လက်ရဖမ်းဆီးနိုင်ရေးအတွက် လူနှင့်ပစ္စည်းကိရိယာ အရင်းအမြစ်များနှင့် ရှုပ်ထွေးသော စစ်ဆင်ရေးများ လိုအပ်သည်။

သို့ရာတွင် လွန်ခဲ့သည့် သီတင်းပတ်အတွင်း အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ တာလီဘန်စစ်မှူးတစ်ဦးအား ဖမ်းဆီးနိုင်ခဲ့ရာတွင် အထက်ပါအချက်နှစ်ချက်လုံး လိုအပ်ခဲ့ခြင်းမရှိကြောင်း ဧပြီ ၁၇ရက်သတင်းများ၌ ဖော်ပြထားသည်။

အာဖဂန်နစ္စတန်အရှေ့ပိုင်း ပက်ခ်တီကာပြည်နယ်မှ မိုဟာမက်အရှန်အမည်ရှိ အလယ်အလတ်အဆင့် တာလီဘန်စစ်မှူးတစ်ဦး **(အပေါ်ပုံ)**သည် ၎င်းအား ဆုငွေထုတ်ပြန်ထားသော ကြော်ငြာပိုစတာကို ကိုင်ဆောင်ကာ ဆာဟောဇာခရိုင် ရဲတပ်ဖွဲ့ စစ်ဆေးရေးစခန်းသို့ ကိုယ်တိုင်သွားရောက်အဖမ်းခံ၍ ဆုငွေတောင်းခံခဲ့ကြောင်း သိရသည်။

၎င်းတာလီဘန် စစ်မှူး၏ အလွဲလွဲ အချော်ချော်အပြုအမူကြောင့် အာဖဂန်တာဝန်ရှိသူများမှာ စိတ်ရှုပ်ထွေးခဲ့ရသော်လည်း ၎င်းကိုနေရာတွင်ပင်ဖမ်းဆီးခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

တာလီဘန်စစ်မှူး မိုဟာမက်အရှန်သည် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို စီစဉ်ခဲ့ကြောင်း သံသယရှိရသူဖြစ်ပြီး ၎င်းအားရှာဖွေပေးနိုင်ပါက အမေရိကန်ဒေါ်လာ ၁၀၀ ရမည်ဖြစ်ကြောင်း ဆုကြေးအထုတ်ခံထားရသူဖြစ်သည်။

လတ်တလော၌ တရားရုံးတင် စစ်ဆေးခံနေရသော တာလီဘန်စစ်မှူး မိုဟာမက်အရှန်သည် အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက အလိုရှိနေသည့် သောင်းကျန်းသူဖြစ်ကြောင်း စစ်ဆေးချက်များအရ အတည်ပြုနိုင်ခဲ့သည်။ ***အင်တာနက်။***

လောင်စာစရိတ်သက်သာရေး လေယာဉ်များ အရှိန်လျှော့ပျံသန်းရန် အမေရိကန်လေတပ် ညွှန်ကြား

ဝါရှင်တန် ဧပြီ ၁၈

လောင်စာဆီသုံးစွဲမှု လျှော့ချသည့်အနေဖြင့် လေယာဉ်များကို ခပ်မြင့်မြင့်မောင်းနှင်ပျံသန်းရန်နှင့် အရှိန်နှုန်း လျှော့ချမောင်းနှင်ကြရန် လေတပ်လေယာဉ်မှူးများအား အမေရိကန်လေတပ်က ညွှန်ကြားချက် ထုတ်ပြန်ထားကြောင်း ဧပြီ ၁၆ ရက်သတင်းများတွင် ဖော်ပြသည်။

လောင်စာဆီဖြည့်တင်နေသော အမေရိကန်လေတပ်မှ လေယာဉ်တစ်စင်း။

ကမ္ဘာ့လောင်စာဆီဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် ၂၀၁၂ ခုနှစ်အတွင်း အမေရိကန်လေတပ် လေယာဉ်များ သုံးစွဲရမည့် လောင်စာဆီကုန်ကျစရိတ်ကို ဒေါ်လာ တစ်ဘီလီယံ ထပ်ဆောင်းဖြည့်ဆည်း ပေးခဲ့ရကြောင်း အမေရိကန်လေတပ်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းလုံးရှိ ကုန်စည်နှင့်လောင်စာဆီ သယ်ယူပို့ဆောင်ရေးတာဝန်များ၊ သဘာဝကပ်ဘေးအရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများနှင့် စစ်မြေပြင်စစ်ဆင်ရေးတာဝန်များအတွက် အမေရိကန်လေတပ်မှ လေယာဉ်များသည် နေ့စဉ်ခေါက်ရေ ၉၀၀ မျှ ပျံသန်းကြရကြောင်း သတင်းတွင် ဖော်ပြထားသည်။

လက်ရှိအချိန်၌ အမေရိကန်လေတပ်သည် လေယာဉ်မျိုးစုံ ၄၆၉၃ စင်း ပိုင်ဆိုင်ထားသည်။ လေယာဉ်အချို့တွင် ဆီစားသက်သာသော အင်ဂျင်များ ပြောင်းလဲတပ်ဆင်ခြင်းဖြင့် လောင်စာဆီစရိတ်စက လျှော့ချနိုင်ရေးကိုလည်း အမေရိကန်လေတပ်က အစီအစဉ်ရေးဆွဲလျက်ရှိသည်။

ပျံသန်းချိန် လျှော့ချနိုင်ရေးအတွက် မိတ်ဆွေနိုင်ငံများ၏ လေကြောင်းပိုင်နက်များအား အသုံးပြုခွင့်ရရန် သံတမန်နည်းလမ်းဖြင့် ကြိုးပမ်းနိုင်ခဲ့သောကြောင့် အမေရိကန်လေတပ်သည် ၂၀၁၁ ခုနှစ်အတွင်း လောင်စာဆီစရိတ်စက ဒေါ်လာ ၂ ဒသမ ၄ သန်းကို ချွေတာနိုင်ခဲ့သည်။

အင်တာနက်။

အင်္ဂါဂြိုဟ်ပေါ်မှ အမှောင်နယ်မြေများ မီးတောင်ထွက်ဖန်သားဖြင့် ဖွဲ့စည်းထားဖွယ်ရှိ

ဖိုးနစ် (အရီဇိုးနား) ဧပြီ ၁၈

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်ရှိ ထူးဆန်းသော အမှောင်ဒေသများသည် အတိတ်ခေတ် မီးတောင်ပေါက်ကွဲမှုများမှ ပေါ်ထွက်လာသည့် ဖန်ဒြပ်များဖြင့် ဖွဲ့စည်းဖြစ်တည်နေသော ဒေသများဖြစ်နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ဧပြီ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

ထူးဆန်းသော အမှောင်နယ်မြေများသည် အင်္ဂါဂြိုဟ်၏ မြောက်ဘက်မြေနိမ့်ပိုင်းတွင် တည်ရှိ၍ စုစုပေါင်းအကျယ်အဝန်း ဧရိယာစတုရန်းမိုင် လေးသန်းရှိသော်လည်း ယင်းနယ်မြေများ မည်ကဲ့သို့ ဖွဲ့စည်းဖြစ်တည်ခဲ့ရသည်ကို ယခင်က သဲသဲကွဲကွဲမသိခဲ့ကြပေ။

အင်္ဂါဂြိုဟ်လှည့်လာရေးယာဉ် "မားစ်အိတ်စပရက်စ် ဂြိုဟ်တုမှပေးပို့ခဲ့သော အချက်အလက်များအား ထောက်ရှု၍ အင်္ဂါဂြိုဟ်၏ ထူးဆန်းသည့် အမှောင်နယ်မြေများသည် မီးတောင်ထွက်ဖန်သားများဖြင့် ဖွဲ့စည်းထားသော လက္ခဏာများတွေ့ရှိရကြောင်း အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ် တက္ကသိုလ်မှ သုတေသနပညာရှင်များက သုံးသပ်ခဲ့ကြသည်။

အင်္ဂါဂြိုဟ် အမှောင်နယ်မြေများရှိ ဖန်သားများသည် မီးတောင်ပေါက်ကွဲရာမှ ထွက်ပေါ်လာသော ချော်ရည်များ အလျင်အမြန်အေးခဲ၍ ယင်းချော်ရည်များအတွင်း ပါဝင်သည့် တွင်းထွက်ဒြပ်စင်များ ပုံဆောင်ခဲအဖြစ် ပြောင်းလဲရာမှ ဖြစ်ပေါ်လာသော မီးတောင်ထွက်ဖန်များနှင့် တူညီမှုရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

အင်္ဂါဂြိုဟ်ပေါ်၌ ဖန်သားမှုန်များဖြင့် ဖွဲ့စည်းထားသောနေရာများ အမှန်ရှိခဲ့ပါက ယင်းဖန်သားမှုန်များသည် သက်ရှိများအတွက် အဓိကကျသည့် ဓာတုဒြပ်စင်များ ကြွယ်ဝသော ရေဓာတ်ကိုထိန်းသိမ်းထားနိုင်မည်ဖြစ်ရာ သက်ရှိများရှင်သန်ရေးအတွက် အလားအလာကောင်းသည့်နေရာများ ဖြစ်လာနိုင်ကြောင်းသိရသည်။ ***အင်တာနက်။***

ပျော်ရွှင်ပါစေ

ငွေအောင် (ခရီးသွား)

မှတ်မှတ်ရရ နာရီလက်တံနှစ်ခုစလုံးက ဒိုင်ခွက်၏ ၁၂ ဂဏန်းပေါ်တွင် တစ်ထပ်တည်းကျလျက်ရှိ၏။ သန်းခေါင်ယံအချိန်။ ဗန်ကောက်က ထွက်လာခဲ့သည်မှာ ၄၅ မိနစ်ခန့်ရှိပြီ။ အောက်ဘက်တွင် မြန်မာ့မြေရှိမည်။ လေယာဉ်သည် ပေ ၂၀၀၀၀ ကျော်အမြင့်မှ ပျံသန်းလျက်ရှိသဖြင့် ပတ်ဝန်းကျင်မြင်ကွင်းမှာ ရှင်းသည်။ ရာသီဥတုကြည်လင်သဖြင့် ဟိုးအဝေးဆီတွင် လပြည့်ဝန်းကို လှမ်းမြင်ရသည်။ ပုံသဏ္ဍာန်ဖော်မရသည့် ကြယ်အစုအဝေးများကိုလည်း လှမ်းတွေ့ရသည်။ လေယာဉ်ကိုယ်ထည်အလယ်ပိုင်းနံရံပေါ်ရှိ တီဗွီဖန်သားပြင်ထက်တွင် လေယာဉ်ပုံစံငယ်သည် အိန္ဒိယနိုင်ငံမြောက်ဘက်ဆီသို့ တစ်ထစ်ချင်းရွေ့လျားလျက်ရှိ၏။ ဤခရီးကားရှည်သည်။ ၁၀ နာရီခန့် ပျံသန်းရမည်။ လေယာဉ်ပေါ်ရောက်ကတည်းက ဝန်ထမ်းများက ညဉ့်လယ်စာနှင့်နံနက်စာ ကတ်ပြားများကို ဖြန့်ဝေထားပြီး ကြိုက်နှစ်သက်ရာကို ရွေးချယ်စေသည်။ ကျွန်တော့်အနေနှင့် ညအိပ်ရာဝင်ချိန်အစာစားလေ့မရှိသဖြင့် ညဉ့်လယ်စာကို ငြင်းပယ်လိုက်ပြီး ဖျော်ရည်တစ်ခွက်သာ မှာလိုက်သည်။ ထို့နောက် လေယာဉ်မယ်ချပေးသော ဖျော်ရည်ကိုသောက်ကာ ထိုင်ခုံနောက်မှီကို လဲလျောင်းရန် အနေအထားရောက်အောင် ပြင်လိုက်ပြီး မျက်စိကို မှေးထားလိုက်သည်။

ထိုအချိန်တွင် ပထမဆုံးကျွန်တော့်ခေါင်းထဲ ဝင်ရောက်လာသည့်အရာမှာ ကိန်းဂဏန်းများဖြစ်သည်။ ၂၀၁၁ ခုနှစ်ကုန်တုန်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တစ်နှစ်လုံးဝင်ရောက်ခဲ့သည့် နိုင်ငံခြားဧည့်သည်မှာ သုံးသိန်းခြောက်သောင်းလေးထောင်ကျော်ရှိသည်။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်ပြည်မှ လာရောက်သည့်ဧည့်သည်မှာ နှစ်သောင်းကျော်ခန့်ရှိသည်။ ထို့အပြင် ကျောက်မျက်ရတနာပြပွဲမှာ တစ်နှစ်လျှင် သုံးကြိမ်ပြုလုပ်သဖြင့် ပွဲတော်ရက်အတွင်း နေပြည်တော်သို့ စင်းလုံးငှားလေယာဉ်များဖြင့် လာရောက်သည့် နိုင်ငံခြားသားဧည့်သည်မှာလည်း ငါးထောင့်ငါးရာကျော်ခန့်ရှိသည်။ အားလုံးပေါင်းလိုက်လျှင် လေယာဉ်ဖြင့် လာရောက်သည့် နိုင်ငံခြားသားဧည့်သည် သုံးသိန်းကိုးသောင်းကျော် ခန့်ရှိ၏။ ၂၀၁၀ ပြည့်နှစ်က လာရောက်သူဦးရေမှာ သုံးသိန်းတစ်သောင်းခန့်ရှိသဖြင့် ရှစ်သောင်းလောက်တိုးပွားလာသည်။ ဘာပဲပြောပြော သိသိသာသာတိုးတက်လာသည်ဟုဆိုရမည်။ ဤကိန်းဂဏန်းသည် လေယာဉ်ဖြင့်လာရောက်သူများကို အခြေခံဖော်ထုတ်ရရှိခြင်းဖြစ်သည်။ လေယာဉ်ဖြင့် လာရောက်သူ ခရီးသည်များတွင် ၎င်းတို့၏ နိုင်ငံကူးလက်မှတ်နှင့် ရောက်ရှိပုံစံကတ်ပြား၏ နိုင်ငံသားကွက်လပ်တွင် ဖြည့်ထားသည့် အကြောင်းအချက်အရ မြန်မာနိုင်ငံသို့ အများဆုံးလာရောက်သူများကို ကြီးစဉ်ငယ်လိုက်ချကြည့်လျှင် တရုတ်၊ ထိုင်း၊ မလေးရှား၊ ကိုရီးယား၊ အမေရိကန်၊ ဂျပန်၊ ပြင်သစ်၊ ထိုင်ဝမ်၊ စင်ကာပူ၊ ဂျာမနီ၊ အိန္ဒိယစသည်ဖြင့် တွေ့ရသည်။

အထက်တွင်တင်ပြသည့် လေယာဉ်ခရီးသည်များအနက် ရန်ကုန်လေဆိပ်သို့ ဝင်ရောက်သည့် နိုင်ငံခြားဧည့်သည် သုံးသိန်းခြောက်သောင်းကျော်ကို ပြည်ဝင်ခွင့်ဗီဇာအမျိုးအစားအလိုက် ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ကမ္ဘာလှည့်ခရီးသည်ဗီဇာက နှစ်သိန်းသုံးသောင်းကျော်၊ လုပ်ငန်းဗီဇာက ခုနစ်သောင်းခန့်၊ သာမန်ဗီဇာက သုံးသောင်းသုံးထောင်ခန့်နှင့် အခြားဗီဇာများဖြင့် လာရောက်သူက နှစ်သောင်းသုံးထောင်ခန့်တို့ ဖြစ်၏။ ထို့ကြောင့် ရန်ကုန်သို့ဝင်ရောက်သည့် နိုင်ငံခြားဧည့်သည် သုံးသိန်းခြောက်သောင်းကျော်တွင် ကမ္ဘာလှည့်ခရီးသည်က ၆၅ ရာခိုင်နှုန်းခန့်ရှိသည်။

ဤကား လေယာဉ်ပျံနှင့်လာသူများကိုသာ တွက်ချက်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ဝင်ထွက်ပေါက်များ ဖွင့်လှစ်ထားရှိရာ ယင်းနေရာများကတစ်ဆင့် ကုန်းလမ်းကိုအခြေခံ၍ လာရောက်လေ့လာသူများလည်းရှိသည်။ အခြားနိုင်ငံများတွင်လည်း ဤကဲ့သို့ပင်ဖြစ်သည်။ ယင်းအရေအတွက်ကိုပင် လေကြောင်း၊ ရေကြောင်းတို့နှင့်ပေါင်းစပ်ပြီး နှစ်စဉ် နိုင်ငံခြားဧည့်သည် ဝင်ရောက်မှုစာရင်းအဖြစ် ဖော်ပြလေ့ရှိသည်။ ဥပမာ-ဗီယက်နမ်တွင် ၂၀၁၁ ခုနှစ်က စုစုပေါင်းခရီးသည် ခြောက်သန်းဝင်ရောက်ရာတွင် နယ်စပ်ဖြတ်ကျော်လာရောက်သူဦးရေ တစ်သန်းခန့်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံခြားဧည့်သည် ၂ ဒသမ ၈ သန်းခန့်တွင် လေယာဉ်ဖြင့်လာရောက်သူ ၅၂ ရာခိုင်နှုန်း၊ ကုန်းလမ်းနှင့်ရေလမ်းတို့ဖြင့် လာရောက်သူ ၄၈ ရာခိုင်နှုန်း ၂၀၁၁ ခုနှစ်အတွင်းက ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ယင်းသို့ နယ်စပ်ဖြတ်ကျော်လာရောက်သူများတွင် အချို့က နယ်စပ်မြို့ပေါ်ခြေချပြီး နေ့ချင်းပြန်သွားကြသည်။ အချို့က နယ်စပ်မြို့တွင် တစ်ညခန့်အိပ်ပြီး ဗဟုသုတရှာဖွေကြသည်။ အတွင်းပိုင်းထိ ဝင်ရောက်လေ့လာသူများကတော့ တစ်ဖက်နိုင်ငံရှိ သံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတို့တွင် ပြည်ဝင်ခွင့်ဗီဇာရယူပြီးမှ ရက်ရှည်လေ့လာဆည်းပူးကြသည်။ တချို့က လာလမ်းအတိုင်းပြန်ထွက်ကြပြီး အချို့က ရန်ကုန်၊ မန္တလေး လေဆိပ်တို့မှ ပြန်လည်ထွက်ခွာလေ့ရှိ၏။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနှင့် တရုတ်နယ်စပ်ဂိတ်များမှ ၂၀၁၁ ခုနှစ်အတွင်း ဝင်ရောက်ခဲ့သူ နိုင်ငံခြားသားဧည့်သည် စုစုပေါင်းလေးသိန်းနှစ်သောင်းကျော်ရှိသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ နိုင်ငံခြားဧည့်သည်ရောက်ရှိမှုအရေအတွက်သည် ရှစ်သိန်းတစ်သောင်းကျော်ခန့်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ဤဂဏန်းသည် ၂၀၁၀ ပြည့်နှစ်ဂဏန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် နှစ်သောင်းကျော်ခန့်သာ တိုးတက်မှုရှိသည်။

လေကြောင်းတစ်ခုတည်းဖြင့် ရန်ကုန်၊ မန္တလေး လေဆိပ်များသို့ စုစုပေါင်းရောက်ရှိသည့် နိုင်ငံခြားဧည့်သည်ဦးရေသည် ၂၀၁၁ ခုနှစ်က လေးသိန်းပင်မပြည့်သေးရာ နေ့ချင်းညချင်း သန်းဂဏန်းဖြစ်အောင် အတော်ကြိုးစားရမှာဖြစ်သည်။ ဤသို့ဖြစ်လာလျှင်လည်း ရန်ကုန်ဒေသသည် အခြေခံအဆောက်အအုံပြဿနာများ ကြီးထွားလာမှာ သေချာသည်။ တစ်ဆက်တည်းမှာ သွားလာရေးအခက်အခဲ၊ စားသောက်ရေးအခက်အခဲနှင့် နေထိုင်ရေးအခက်အခဲများ ကြုံတွေ့ရနိုင်သည်။ ခရီးသွားလုပ်ငန်းသည် လူသားတို့ကိုအခြေခံသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လေရာ ဤလုပ်ငန်း၏ ကောင်းမွေ၊ ဆိုးမွေကို လူသားတို့သည်သာ တိုက်ရိုက်ခံစားကြရမှာဖြစ်သည်။ ထို့အတွက် ဤလုပ်ငန်းကို ထိန်းထိန်းသိမ်းသိမ်းလုပ်ကိုင်ရန် ယနေ့ကမ္ဘာတွင် ဆွေးနွေးတိုင်ပင်လျက်ရှိကြသည်။ ဤလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရာတွင် အိမ်ရှင်သာမက ဧည့်သည်တွင်လည်း တာဝန်ရှိကြောင်း အဓိပ္ပာယ်ဖွင့်ဆိုလာကြသည်။ ဤလုပ်ငန်းလုပ်ကိုင်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များသာမက အစိုးရအဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများအားလုံး ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ထာဝစဉ်ဖွံ့ဖြိုးရှင်သန်ရေးကို ဦးတည်သွားရန် ပညာရှင်များက တိုက်တွန်းလျက်ရှိသည်။

ခရီးသွားလုပ်ငန်းသည် လူသားတို့အချင်းချင်း အပြန်အလှန်ကူးလူးဆက်ဆံဆောင်ရွက်သော လုပ်ငန်းတစ်ခုဖြစ်လေရာ ဤလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ တစ်ဖက်တွင်လည်း ရုပ်ပိုင်းဆိုင်ရာ ဘေးထွက်ဆိုးကျိုးများသာမက စိတ်ပိုင်းဆိုင်ရာဘေးထွက်ဆိုးကျိုးများ ဖြစ်တတ်သည်ကို ကြိုတင်သတိချပ်သင့်သည်။ လုပ်ငန်းသဘာဝအရ ငွေကြေးတတ်နိုင်သူ၊ စူးစမ်းစိတ်ဝင်စားသူ လူ့အဖွဲ့အစည်းတစ်ခုက အခြားလူ့အဖွဲ့အစည်းတစ်ခု နေထိုင်ရာအရပ်ဒေသသို့ ခဏတာသွားရောက်လေ့လာခြင်းဖြစ်ရာ အတွေ့အကြုံ၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့စရိုက် စသည်တို့ကို ရင်းနှီးကျွမ်းဝင်မှုကို အခြေခံ၍ ဖလှယ်လေ့ရှိကြသည်။ တချို့က သံယောဇဉ်ခိုင်မြဲပြီး အကြိမ်ကြိမ်ပြန်လာတတ်ကြသည်။ တချို့အိမ်ရှင်များက ဧည့်သည်၏ နေရပ်သို့တစ်ပြန်လိုက်ပါပြီး ဗဟုသုတရှာဖွေကြပြန်သည်။ ဤသို့ဖြင့် ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုတို့ကတစ်ဆင့် ကမ္ဘာငြိမ်းချမ်းရေး ဖော်ဆောင်သည်အထိ ခရီးသွားလုပ်ငန်း၏ အကျိုးအာနိသင်ကို အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

သို့ရာတွင် လာခြင်းကောင်းသောပုဂ္ဂိုလ်များရှိသကဲ့သို့ ပြဿနာဖန်တီးတတ်သော ပုဂ္ဂိုလ်များလည်း ဆွမ်းဆန်ထဲကြွက်ချေးရောသကဲ့သို့ ပါလာတတ်သည်။ အထူးသဖြင့် အရွယ်မရောက်သူကလေးသူငယ်များ ပျက်စီးရာပျက်စီးကြောင်း ဖန်တီးလုပ်ကိုင်သူများရှိကြသည်။ အချို့က မူးယစ်ဆေးဝါးနှင့် ဆက်နွယ်ဝင်လာတတ်သည်။ အချို့က လိင်မှုကိစ္စအတွက်လာကြသည်။ တချို့က ပြည်တွင်းရေးရာများတွင် ဝင်ရောက်နှောင့်ယှက်ကြသည်။ တချို့က ရှေးဟောင်းပစ္စည်းများနှင့် အခြားတန်ဖိုးရှိသော ပစ္စည်းများကို ခိုးဝှက်ယူဆောင်တတ်သည်။ တချို့က ရုပ်ဝတ္ထုပစ္စည်းများထက် စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုများကို လှုံ့ဆော်ဖန်တီးတတ်ကြသည်။ သူတို့၏ ဓလေ့စရိုက်၊ အငွေ့အသက်၊ အပြောအဆို၊ အပြုအမူများကို ကူးစက်ပြန့်ပွားစေသည်။ ဤသည်မှာ ဖြစ်တတ်တာပဲဟုဆိုသော်လည်း သတိထားရမည့် အချက်တစ်ရပ် ဖြစ်သည်။ ထို့အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အကောင်းအဆိုးကို နှိုင်းဆဆောင်ရွက်ရန် နိုင်ငံတကာတွင် ဆွေးနွေးပြောဆိုနေကြခြင်းဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ကုန်းပိတ်နိုင်ငံမဟုတ်။ မြန်မာနိုင်ငံသည် မြို့ပြနိုင်ငံမမည်။ မြန်မာနိုင်ငံသည် ထိုက်သင့်သည့်အကျယ်အဝန်းရှိသည်။ တိုင်းရင်းသားလူမျိုးစုများ စုစည်းနေထိုင်ကြသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံမှုရှိသည်။ ရာသီဥတု မျှတသည်။ သဘာဝအရင်းအမြစ်များ ဖြစ်တည်ပေါ်ထွန်းလျက်ရှိသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းစကားနှင့်ပြောလျှင် အလားအလာများစွာရှိသော ခရီးစဉ်ဒေသဖြစ်၏။ အချို့ မြို့ပြနိုင်ငံများ၊ ကုန်းပိတ်နိုင်ငံများသို့ပင် ခရီးသည် သန်းချီဝင်ရောက်နေလျှင် မြန်မာနိုင်ငံအနေနှင့် ၎င်းတို့အရေအတွက်ကို မရနိုင်စရာအကြောင်း မရှိချေ။ အဓိကမှာ စနစ်တကျဖွံ့ဖြိုးတိုးတက်သွားရန်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အကြောင်းအမျိုးမျိုးကြောင့် တစ်ချိန်က ကာလအတိုင်းအတာတစ်ခုအထိ မှေးမှိန်ခဲ့ရသော်လည်း ယခုအခါ ရောင်နီပေါ်ထွန်းလာသည်။ ကမ္ဘာအရပ်ရပ်က စိတ်ဝင်စားမှုရှိလာသည်။ ကမ္ဘာလှည့်ခရီးသည်များ ကိုင်ဆောင်လေ့ရှိသည့် Lonely Planet စာစောင်က မြန်မာနိုင်ငံသည် လည်ပတ်ရန် အကောင်းဆုံး ၁၀ နိုင်ငံတွင် ပါဝင်သည်ဟုဆို၏။ အခကြေးငွေမယူဘဲ မြှင့်တင်ကြော်ငြာပေးမှုများ ပြုလာသည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံရေးဇာတ်ခုံထက်တွင် သွက်သွက်လက်လက် လှုပ်ရှားကပြလာနိုင်သည်။ စီးပွားရေးစနစ်ပုံစံများ ထင်သာမြင်သာစွာ ပြောင်းလဲစပြုလာသည်။ ဤအရိပ်လက္ခဏာတို့သည်ပင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေနိုင်သော အားမြှင့်အင်အားစုများဖြစ်သည်။ ယခင်နှစ်များက ရန်ကုန်မြို့သို့ လေကြောင်းဖြင့် နေ့စဉ်ဝင်ရောက်သူ နိုင်ငံခြားဧည့်သည် တစ်ရက် ပျမ်းမျှ ၆၀၀ခန့်ရှိသည်။ ယခုအခါ လေကြောင်း ၁၄ လိုင်းမှ လေယာဉ်ခေါက်ရေပျမ်းမျှ ၂၀ဖြင့် နေ့စဉ်ပျမ်းမျှခရီးသည် ၁၆၀၀ ခန့် ဝင်ရောက်လျက်ရှိ၏။ ယခင်အခါက မတ်လတွင် ဧည့်သည်လာရောက်မှု လျော့ကျသွားတတ်သည်။ ယခုအခါ ၁၄၀၀ အောက်ကို မဆင်းဘဲ တန့်နေသည်။ အချို့ဟိုတယ်များက ဧပြီလအထိ အခန်းများပြည့်နေကြောင်း ပြောကြသည်။

စင်စစ်မြန်မာနိုင်ငံအတွင်း မြို့ပေါင်း ၄၆ မြို့တွင် ဟိုတယ် ၇၃၁ လုံးနှင့် အိပ်ခန်းပေါင်း ၂၅၀၀၀ ကျော်ရှိသည်။ ရန်ကုန်တွင် ဟိုတယ်နှင့်တည်းခိုရိပ်သာ ၁၈၇ လုံး၊ အခန်း ၈၀၀၀ ခန့်ရှိသည်။ ဤအရေအတွက်သည် နိုင်ငံခြားသားများတည်းခိုနေထိုင်ရန် လုပ်ငန်းလိုင်စင်ရရှိထားသော အဆောက်အအုံများဖြစ်သည်။ လက်ရှိအနေအထားအရ ခရီးသည်လုံလောက်စွာ တည်းခိုနိုင်သည်။ ဥပမာ- ဟိုတယ်လုပ်ငန်းတွင် အခန်း ၁၀၀၀ ရှိလျှင် တစ်ရက်လျှင် အကြမ်းအားဖြင့် ဧည့်သည် ၂၀၀၀ ခန့် တည်းခိုနိုင်သည်။ တစ်နှစ်ဆိုပါက ဧည့်သည် ၇၃၀၀၀၀ ခန့် ညအိပ်နိုင်သည်။ ကမ္ဘာလှည့်ခရီးသည် သဘာဝအရ ရန်ကုန်တွင် ရောက်သည့် တစ်ည၊ မပြန်ခင်တစ်ည၊ပေါင်း နှစ်ညခန့်သာ တည်းလေ့ရှိရာ ယင်းဈေးကွက်ကို အခြေခံလျှင် အခန်း ၁၀၀၀တွင် ဧည့်သည် ၃၆၅၀၀၀ လက်ခံနိုင်သည်။ အခြားဈေးကွက်တစ်ခုဖြစ်သည့် လုပ်ငန်းရှင်အများစုကလည်း ရန်ကုန်တွင် ကြာကြာနေလေ့မရှိ။ နေပြည်တော်တွင် အချိန်ကုန်တတ်ကြသည်။ အခြားဗီဇာ သမားများလည်း ဤသို့ပင် ပျံ့နှံ့လျက်ရှိ၏။ သို့ဆိုလျှင် တစ်ရက်လျှင် နိုင်ငံခြားဧည့်သည် ၂၀၀၀ ပင် မပြည့်သော ရန်ကုန်မြို့ရှိ ဟိုတယ်၊ မိုတယ်နှင့်တည်းခို ရိပ်သာများသည် မည်သည့်အကြောင်းကြောင့် အခန်းမရ ဖြစ်ကြရပါသနည်း။ အဖြစ်မှန်ကား ဤသို့ဖြစ်သည်။

ရန်ကုန်မြို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ် ၁၇ လုံး၊ အခန်း ၃၀၀၀ ခန့်ရှိသည်။ ယင်းဟိုတယ်များသည် ဧည့်သည်နည်းပါးခဲ့သည့်နှစ်များတွင် မရောင်းရသည့် အခန်းများအတွက် စရိတ်သက်သာစေရန် အထပ်လိုက်ပိတ်ထားခဲ့သည်။ အရနှင့် အသုံးကာမိစေရန် အချို့အခန်းများကို ပုံစံပြောင်းပြီး ရုံးခန်းများ ဖွင့်လှစ်ကြသည်။ ရုံးဖွင့်လိုသည့်အဖွဲ့အစည်းများကို အထပ်လိုက် နှစ်တို၊ နှစ်လတ် ငှားရမ်းခြင်းဖြင့် ပုံမှန်ဝင်ငွေရအောင် ကြိုးစားကြသည်။ ဤမျှနှင့် စရိတ်မကာမိသေးသည့်အတွက် ဟိုတယ်အခန်းခကို သာမန်ပြည်တွင်းဟိုတယ်အခန်းခများနည်းတူ ဈေးချ၍ ရောင်းချကြပြန်သည်။ ထိုစဉ်က ဟိုတယ်မန်နေဂျာတို့သည် ဧည့်သည်ပို့မည့် ခရီးသွားကုမ္ပဏီများကို တလေးတစားဆက်ဆံကြသည်။ ဌာနဆိုင်ရာများမှ ဧည့်သည်များ သူတို့ဟိုတယ်တွင်ထားရန် အရောင်းမန်နေဂျာများက စည်းရုံးရေးမကြာခဏဆင်းရသည်။ ဤသို့သော အခြေအနေမျိုးမှ ၂၀၁၁ ခုနှစ်တွင် တစ်ခေတ်ပြန် ဆန်းသစ်လာသည်။ သူတို့ခေတ်သို့ ပြန်ရောက်လာသည်။ ခေါ်သည့်ဈေးနှင့် ရောင်းနိုင်လာသည်။ ပြောသည့်ဈေးနှင့် အလုပ်ဖြစ်လာသည်။ ကြိုတင်မှတ်ပုံတင်သည့်စနစ်ထက် အင်တာနက်ကတစ်ဆင့်၊ အခြားဆက်သွယ်မှုနည်းလမ်းကတစ်ဆင့် ဝင်ရောက်သည့်ဈေးကွက်က ပုံမှန်ဖြစ်လာသည်။ ဤဈေးကွက်က ဝင်ငွေလည်းပိုရသည်။ အပေးအယူလည်းနည်းသည်။ ဤအခြေအနေမျိုး ရောက်လာသည့်အခါတွင် ခရီးသွားအေးဂျင့်တို့ မျက်နှာမအိမသာဖြစ်လာသည်။ ကန်ထရိုက်စနစ်ကိုလည်း အားကိုး၍မရ၊ ကြိုက်ဈေးပေး၍လည်းမဖြစ်၊ ဟိုတယ်မန်နေဂျာများက ဝယ်သူအချင်းချင်းတွင် သံတမန်များ၊ အဖွဲ့အစည်းများ၏ ကမ်းလှမ်းမှုကို ဦးစားပေးသည်။ ထို့အပြင် ဈေးကောင်းပေးသည့် လုပ်ငန်းကုမ္ပဏီကြီးများ၏ ဈေးကွက်ကိုလည်း အလေးထားသည်။ ထိုအခါ မကျေနပ်သည့်အသံများ ထွက်လာတော့သည်။

အခြားအကြောင်းတစ်ချက်မှာ ရန်ကုန်မြို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များသာမက ပြည်တွင်းလုပ်ငန်းရှင်တို့၏ ဟိုတယ်၊ မိုတယ်၊ အင်းနှင့်တည်းခိုရိပ်သာတွေလည်းရှိသည်။ အမှန်ဆိုလျှင် အကုန်လုံးနိုင်ငံခြားသားထားနိုင်သည့် အနေအထားရှိသည်။ ဧည့်သည်အမျိုးအစားကွဲပြားလက်ခံခြင်းသာရှိမည်။ သို့ရာတွင် နိုင်ငံခြားသားအလာနည်းသည့်အခါ ပြည်တွင်းဈေးကွက်ဘက်သို့ လှည့်သွားရာမှ ယခုအခါ ပြည်တွင်းဈေးကွက်နှင့်တွက်ခြေကိုက်သွားကြသည်။ ထို့အတွက် နိုင်ငံခြားဧည့်သည်ထားနိုင်သည့် ဟိုတယ်အခန်းများ လျော့နည်းသွားခြင်းဖြစ်သည်။ အချို့က အချိန်ပိုင်းငှားရမ်းမှုကို ပိုနှစ်သက်ကြသည်။

ရန်ကုန်တွင် အမှန်တကယ်ရှိရမည့်အခန်း ၈၀၀၀ နှင့်တွက်လျှင် ဧည့်သည်က သိန်းဂဏန်းမဟုတ်၊ သန်းဂဏန်းအထိ လက်ခံနိုင်သည်။ စင်ကာပူနိုင်ငံတွင် ဟိုတယ်အခန်း ၄၀၀၀၀ ခန့်သာရှိသော်လည်း သူ့ခရီးသည်က ၁၁ သန်းခန့်ရှိသည်။ ဧည့်သည်နေထိုင်ရက် ၁ ဒသမ ၅ ရက် (တစ်ရက်ခွဲ)သာရှိသည်။ နေ့ချင်းပြန်သူ၊ အခြားတွင်နေထိုင်သူများရှိသည်ဆိုသည့် အကြောင်းများကို ထောက်ပြနိုင်သော်လည်း သန်းနှင့်ချီလက်ခံနိုင်သည်ကတော့ ငြင်းမရသော အချက်ဖြစ်ပါသည်။ အိမ်နီးချင်းလာအိုနိုင်ငံကို ကြည့်လျှင် မြို့တော်ဗီယန်ကျင်းတွင် ၁၅ခန်းအထက် ဟိုတယ်အခန်း ၆၀၀၀ နှင့် ၁၅ ခန်းအောက် တည်းခိုခန်း ၂၅၀၀ စုစုပေါင်းအခန်း ၈၅၀၀ ကျော်သာရှိ၏။ ယခုလာအိုနိုင်ငံ၏ နိုင်ငံခြားဧည့်သည်မှာ ၂ ဒသမ ၆ သန်း ခန့်ရှိ၏။ ထို့အတွက် လိုင်စင်ရဟိုတယ်များအနေနှင့် ပြည်ပဧည့်သည်များထားနိုင်အောင် စီစဉ်ကြဖို့ နှိုးဆော်ထားသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ မကြာခင်က နေပြည်တော်တွင် နိုင်ငံခြားဟိုတယ်မန်နေဂျာများ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ပြည်တွင်းလေကြောင်းလိုင်း ကိုယ်စားလှယ်များပါဝင်သော ဖိုရမ်တစ်ရပ်ကျင်းပပြီး အဖြေရှာညှိနှိုင်းဆောင်ရွက်ပေးထားသည်။ ယခုအခါ ပြည်ပလေကြောင်းလိုင်း ၁၄ လိုင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဆင်းကြသည်။ မကြာသေးခင်က လေကြောင်းလိုင်းတစ်ခုသည် အခြားလေဆိပ်တွင် တိုက်ရိုက်ဆင်းရန်အစီအစဉ်ရှိကြောင်း ကြားရသည်။ ဤသို့ ဆင်းသက်မှုများရှိလျှင်၊ ကွင်းကလည်း နေ့ညလက်ခံနိုင်လျှင် ရန်ကုန်သို့ဝင်ရောက်မှု အလိုလိုလျော့ကျသွားမှာဖြစ်သည်။ နေပြည်တော်လေဆိပ်သည်လည်း နောင်တွင် အလားအလာရှိမည့်လေဆိပ်ကြီးဖြစ်သည်။ နေပြည်တော်တွင် လက်ရှိဟိုတယ်အခန်း ၂၀၀၀ နီးပါးခန့်ရှိသည်။ မကြာခင်နှစ်များအတွင်း အခန်း ၈၀၀၀ ကျော်ဖြစ်လာမည်။ ထို့အပြင် မန္တလေးလေဆိပ်သည် ၂၀၀၀ ပြည့်နှစ်က ဖွင့်လှစ်ခဲ့သော အပြည်ပြည်ဆိုင်ရာလေဆိပ်ဖြစ်သည်။ လက်ရှိအခြေအနေတွင် တရုတ်လေကြောင်းလိုင်းတစ်ခုနှင့် ပြည်တွင်းလေကြောင်းလိုင်းများသာ ပုံမှန်ဆင်းသက်လျက်ရှိ၏။ အထက်မြန်မာပြည်သို့ လာရောက်သည့် နိုင်ငံခြားဧည့်သည်များ မန္တလေးသို့တိုက်ရိုက်ဆင်းသက်ခြင်းဖြင့် ရန်ကုန်တွင်ဖြစ်ပေါ်နေသည့် အခက်အခဲများသက်သာသွားနိုင်သည်။ အခြားထင်ရှားသည့် ခရီးစဉ်ဒေသများရှိ လေဆိပ်အချို့ကိုလည်း ထိုက်သင့်သည့်လုပ်ငန်းများ ဖြည့်ဆည်းပေးခြင်းဖြင့် အဆင့်မြှင့်တင်ပေးနိုင်သည်။

ယခုအခါ ပြည်ပလေကြောင်းများသည် ပြည်တွင်းလေကြောင်းလိုင်းများနှင့် တိုက်ရိုက်ဆက်စပ်ဆောင်ရွက်မှု အားနည်းသည်။ စင်စစ် ယင်းသို့ချိတ်ဆက်မိလျှင် ခရီးရောက်မဆိုက် စကြံအတွင်း ခေတ္တနားပြီး ပြည်တွင်းလေကြောင်းဖြင့် မိမိသွားလိုသည့်ဒေသသို့ ခရီးဆက်ခြင်းဖြင့် ရန်ကုန်တွင် နေထိုင်မှုလျော့သွားမှာဖြစ်သည်။ ပြည်တွင်းလေကြောင်းလိုင်းအချို့သည် ဤအစီအစဉ်ကို စတင်ဆောင်ရွက်ရန်ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

ဟိုတယ်အပိုင်းကိုကြည့်လျှင် တစ်ချိန်က စီးပွားရေးမကောင်းဟူသောအကြောင်းပြချက်ဖြင့် နှောင့်နှေးနေသော ပြည်ပရင်းနှီးမြှုပ်နှံမှု ဟိုတယ်သုံးလုံးအား ၎င်းတို့၏ ဆောက်လက်စလုပ်ငန်းများကို အမြန်ဆုံးအပြီးသတ်စေကာ ၂၀၁၃ ခုနှစ် နှစ်လယ်ပိုင်းတွင် ဖွင့်လှစ်ရန် တွန်းအားပေးထားသည်။ လက်ရှိဖွင့်နေသည့် ဟိုတယ်အချို့ကလည်း ၎င်းတို့၏ အဆင့်(၂)စီမံကိန်းများကို စတင်လုပ်ကိုင်ခွင့်ပြုရန် အဆိုပြု တင်ပြလာကြသည်။ ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုအသစ်သည် မကြာခင်ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးပြီး လုပ်ငန်းစတင်ရန် အစီအစဉ်ရှိသည်။ တစ်ချိန်တည်းမှာပင် ပြည်တွင်းလုပ်ငန်းရှင်များ၏ ဟိုတယ်သစ်များကလည်း အထိုက်အလျောက် တိုးပွားလျက်ရှိသည်။ ယင်းတို့တွင် ရန်ကုန်၌ အခန်းသုံးရာကျော်ပါဝင်သည့် နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်လုံးကို နှစ်နှစ်အတွင်း တည်ဆောက်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။ ထို့အတူ မန္တလေးတွင်လည်း ပြည်တွင်းလုပ်ငန်းရှင်တစ်ဦးက အခန်း ၆၀၀ ကျော် ဟိုတယ်တစ်လုံးကို စတင်တည်ဆောက်လျက်ရှိသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် ခရီးစဉ်ဒေသများတွင် ထိုက်သင့်သည့် ဟိုတယ်အရေအတွက် တိုးပွားလာရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စည်းကမ်းဘောင်အတွင်းက လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားသည်။ ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် မြေနေရာသည် အဓိကဖြစ်သည်။ မြေကိုမည်သည့်အဖွဲ့အစည်း (သို့မဟုတ်) တိုင်းရင်းသားမည်သည့် ပုဂ္ဂိုလ်ပိုင်သည်ဖြစ်စေ ခရီးစဉ်ဒေသများတွင် ဟိုတယ်လုပ်ငန်းစနစ်တကျ တိုးတက်ဖွံ့ဖြိုးလာအောင် ကူညီဆောင်ရွက်ပေးရန် ဝန်ကြီးဌာနတွင် တာဝန်ရှိပါသည်။ ဤနေရာတွင် ဝန်ကြီးဌာနသည် လုပ်ငန်းရှင်များအနေဖြင့် ဟိုတယ်အဆောက်အအုံနှင့် အဆင်တန်ဆာများကိုသာ အာရုံမထားဘဲ ဝန်ထမ်းများစုဆောင်းခြင်း၊ လေ့ကျင့်သင်ကြားခြင်းတို့ကိုလည်း စနစ်တကျဆောင်ရွက်ရန် အမြဲနှိုးဆော်သတိပေးလျက်ရှိသည်။ ဟိုတယ်များအပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်ကြစေရန် ရည်ရွယ်ချက်ဖြင့် ကြယ်ပွင့်အဆင့်များ သတ်မှတ်ပေးခြင်းဖြစ်ပါသည်။

တစ်ဖက်ကလည်း စားသောက်ဆိုင်များ အဆင့်အတန်းမီလာစေရန် လေ့ကျင့်သင်ကြားပေးခြင်း၊ အဆင့်လိုက်ပညာရည်လက်မှတ်များ ချီးမြှင့်ခြင်း၊ အဆောင်အယောင်များ တပ်ဆင်ပေးခြင်းတို့ဖြင့် စိတ်ဓာတ်မြှင့်တင်ပေးလျက်ရှိသည်။

ခရီးသွားလုပ်ငန်းတွင် ကုန်းလမ်းပို့ဆောင်ရေးအပိုင်းကလည်း အရေးကြီးသည်။ ယာဉ်များအဆင့်မီရေး၊ ယာဉ်မောင်းများစနစ်တကျဖြစ်ရေး၊ ဧည့်သည်အပေါ် ပျူငှာစွာဆက်ဆံရေးတို့အတွက် ဒေသအသီးသီးတွင် စည်းရုံးပညာပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းတို့ ပြုလုပ်ပေးလျက်ရှိသည်။ ဥပမာအားဖြင့် အင်းလေးဒေသရှိ စက်လှေများ လုံခြုံမှုအထောက်အကူပစ္စည်းများ ပြည့်စုံရေး၊ သယ်ယူပို့ဆောင်မှု အဆင်ပြေရေးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ဧည့်လမ်းညွှန်များကဏ္ဍကိုလည်း စုစုစည်းစည်းဖြင့် စနစ်တကျဖြစ်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ခရီးသွားလုပ်ငန်းကို သာမန်လုပ်ငန်းခွင်လက်တွေ့သင်တန်းကျောင်းများ အဆင့်သာမက ပညာရပ်အဆင့် သင်ကြားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လာမည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အခြားသိပ္ပံ၊ ဝိဇ္ဇာဘွဲ့များကဲ့သို့ ခရီးသွားလုပ်ငန်းဘွဲ့ဒီဂရီပေးနိုင်ရေးအတွက် စတင်သင်ကြားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း ထင်ရှားကျော်ကြားသည့်ခရီးစဉ်ဒေသများတွင် ဝန်ဆောင်မှုအဆင့်မြင့်မားရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့နှင့်အတူ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၏။ အချို့နေရာများတွင် ခရီးစဉ် ဒေသအသစ်များ ဖော်ထုတ်ပေးနိုင်ရန် စီစဉ်ထားသည်။ ခရီးသွားလုပ်ငန်းသည် စီးပွားရေးအထောက်အကူပြုလုပ်ငန်းဖြစ်သည်ဆိုသော်လည်း ဤလုပ်ငန်းမှရရှိသော ဝင်ငွေသည် ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာစိမ့်ဝင်သွားသည့်လုပ်ငန်းတစ်ခု ဖြစ်သည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးစည်ပင်သည့်အခါ ဒေသခံပြည်သူများ ပျော်ရွှင်ကြသည်မှာ ဓမ္မတာပင်။ သို့ရာတွင် ပုံပြင်ထဲကအတိုင်း ရွှေဥမှန်မှန်ဥပေးသော ငန်းကို လောဘဖြင့် ကျွန်တော်တို့ မသတ်မိရန် အရေးကြီးပါသည်။ ဈေးကောင်းရသည့်အချိန်တွင် မဖြစ်နိုင်သည့် ဈေးများတင်ပြီး ဝန်ဆောင်မှုကလည်း ပေးရသည့်ငွေနှင့် မထိုက်တန်လျှင် နာမည်ဆိုးများ ပေါ်ထွက်လာတတ်သည်ကို သတိပြုရပါမည်။ ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာသည့်အချိန်တွင် ဧည့်ဝတ်ကျေပွန်စွာဖြင့် ဝန်ဆောင်မှုပြုရင်း လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးအောင် ပျော်ရွှင်စွာ ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်းမှရရှိသော အခွန်ငွေများကို ကောက်သင်းကောက်၍ စုစည်းဖော်ပြလျက်ရှိသော်လည်း အများစုမှာ ပြည်သူလူထုအတွင်းသို့သာ စီးဝင်ပါသည်။ စင်စစ် ခရီးသွားလုပ်ငန်းသည် ပြည်သူလူထုကို တိုက်ရိုက် အကျိုးဖြစ်ထွန်းစေသည့်အတွက် ယနေ့ ပြောဆိုနေကြသည့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး အစီအစဉ်တွင် ခရီးသွားလုပ်ငန်းကို အဓိကအခန်းကဏ္ဍမှထည့်သွင်း ဆွေးနွေးလျက်ရှိကြသည်။ သို့ရာတွင် အထက်တွင်တင်ပြခဲ့သည့်အတိုင်း ခရီးသွားလုပ်ငန်းသည် အကောင်းအဆိုး ဒွန်တွဲဖြစ်တည်နေသဖြင့် စနစ်တကျ စီမံကွပ်ကဲသွားရန် လိုအပ်သည်။ အိမ်ရှင်တွင်သာမက ဧည့်သည်မှာလည်း တာဝန်ရှိကြောင်း အစဉ်နှိုးဆော်သတိပေးမှုများဖြင့် ထိန်းသိမ်းသွားရမည်ဖြစ်ပါသည်။

ကျွန်တော်၏ နိုးတစ်ဝက်အတွေးများသည် မည်မျှကြာသွားသည်မသိ၊ လေယာဉ်သိမ့်ခနဲတုန်သွားမှ သတိပြန်ဝင်လာမိသည်။ ဖန်သားပြင်ပေါ်က လေယာဉ်ပုံစံငယ်သည် အရှေ့အလယ်ပိုင်းဒေသကို ကျော်လွန်လာပြီဖြစ်သည်။ မိမိနှင့်အတူရှိနေသည့် လက်ကိုင်အိတ်အတွင်းမှ ဘာလင်တွင်ရှင်းပြမည့် ပါဝါပွိုင့်ကော်ပီကို ဆွဲထုတ်ကာ အထဲမှကားချပ်များကို တစ်ချပ်ချင်းပြန်စစ်ကြည့်နေမိသည်။ ကားချပ်ပေါင်း ၁၀၀ နီးပါးခန့်ရှိရာ ဘာလင်ရောက်လျှင် တတ်နိုင်သရွေ့ အကုန်လုံးပြသနိုင်ဖို့ မီဒီယာခန်းမ စီစဉ်ကြီးကြပ်သူနှင့် ညှိနှိုင်းပြီး အလျှော့အတင်း ပြုလုပ်ရမည်။ ဘာပဲဖြစ်ဖြစ် ရသည့်အချိန်လေးတွင် မြန်မာနိုင်ငံအကြောင်း ပြည့်စုံအောင် ပြောပြချင်သည်။

လွန်ခဲ့သည့် ၂၂ နှစ်က ခရီးသွားလုပ်ငန်းပညာအကြောင်း သင်ကြားစဉ် ကမ္ဘာလှည့်ခရီးသည်တစ်ဦး တစ်ခေါ်လာသုံးစွဲတိုင်း ဒေသတွင်း၌ ၁ဒသမ၅ ဒေါ်လာ ဆင့်ပွား အကျိုးသက်ရောက်မှုရှိကြောင်း ဆရာက ရှင်းပြဖူးပါသည်။ လေယာဉ်ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်ရာ အမှောင်ထုက ဖုံးလွှမ်းဆဲ။ လေယာဉ်သည် ဗီယင်နာသို့ အရှေ့ဏ်တက်ချိန်တွင်ရောက်မည်။ ထိုမှတစ်ဆင့် ဘာလင်သို့ တစ်နာရီခန့် ထပ်စီးရမည်။ လောလောဆယ်တွင် ဤလေယာဉ်ပေါ်၌ နောက်ထပ်နှစ်နာရီခန့်နေရဦးမည်။ ဗီယင်နာမရောက်မီ တစ်နာရီအလိုခန့်လောက်တွင် နံနက်စာစားရမည်။ လေယာဉ်ထဲကိုကြည့်လိုက်တော့ တာဝန်ကျအမှုထမ်း နှစ်ယောက်သုံးယောက်မှအပ အားလုံးအိပ်မောကျလျက်. . . . . ။ ။

ဓာတ်အားခွဲရုံနှင့် လိုင်းရုံးများ၏ အားနည်းချက်ကြောင့် ဓာတ်အားပြတ်တောက်မှု မရှိစေရေး၊ ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေးမှာကြား

နေပြည်တော် ဧပြီ ၁၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့ နံနက် ၁၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်ရှိ ညောင်ပင်ကြီး ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိစစ်ဆေးရာ ပင်မဓာတ်အားခွဲရုံမှူးက ၂၃၀ ကေဗွီ အုန်းတော-ညောင်ပင်ကြီး ဓာတ်အားလိုင်းနှင့် ၁၃၂ ကေဗွီ ကျွန်းချောင်း-ညောင်ပင်ကြီး ဓာတ်အားလိုင်းများမှ ဓာတ်အားလက်ခံရရှိမှု၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ခုနစ်လိုင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှစ်လိုင်းတို့ဖြင့် ကြေးနီမိုင်း၊ ချည်မျှင်နှင့်အထည်စက်ရုံများ၊ မြစ်ရေတင်လုပ်ငန်းများနှင့် ဆားလင်းကြီးမြို့တို့သို့ ဓာတ်အားပို့လွှတ်မှုတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာနှင့် စီမံကိန်းမန်နေဂျာတို့က ဖြည့်စွက်တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဓာတ်အားစနစ်အတွင်း ပြောင်းလဲလာမည့် ဝန်အားသုံးစွဲမှု အခြေအနေအပေါ် မူတည်၍ အများပြည်သူသို့ ဓာတ်အားအပြည့်အဝပေးနိုင်ရေး၊ မြစ်ရေတင်စီမံကိန်းများနှင့် စက်မှုဇုန်များကို သတ်မှတ်အချိန်အတိုင်း စနစ်တကျ မှန်ကန်စွာ ဓာတ်အားပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားပြီး Switch Gear Room၊ Battery Room နှင့် Switch Yard တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ၁၃၂ ကေဗွီ အောင်ချမ်းသာ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူးက ၁၃၂ ကေဗွီ ညောင်ပင်ကြီး-အောင်ချမ်းသာဓာတ်အားလိုင်းမှ ဓာတ်အားလက်ခံရရှိမှု၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း လေးလိုင်း၊ ၃၃ ကေဗွီ ဓာတ်အားလိုင်းလေးလိုင်း၊ ၁၁ကေဗွီ ဓာတ်အားလိုင်းတစ်လိုင်းတို့ဖြင့် မုံရွာခရိုင် မြစ်ရေတင်စီမံကိန်းများ၊ စက်မှုဇုန်၊ သံရည်ကျိုစက်ရုံ၊ အထပ်သားစက်ရုံနှင့် ဆေးဝါးစက်ရုံတို့အား ဓာတ်အားဖြန့်ဖြူးထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Switch Yard အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မုံရွာခရိုင်အတွင်း ဗို့အားပြည့်မီစွာဖြင့် ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရေးအတွက် အောင်ချမ်းသာ ပင်မဓာတ်အားခွဲရုံတွင် 45 MVA ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်မှုကို ယခုဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းခရိုင်အတွင်းရှိ ၂၃၀ ကေဗွီ အုန်းတောပင်မ ဓာတ်အားခွဲရုံသို့ ရောက်ရှိစစ်ဆေးပြီး ခွဲရုံနှင့် လိုင်းရုံးများ၏ အားနည်းချက်ကြောင့် ဓာတ်အားပြတ်တောက်မှု မရှိစေရေး၊ ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရေး၊ ထိန်းသိမ်းပြုပြင်မှုများကို သာမန်ချိန်၊ အရေးပေါ်ချိန် ခွဲခြား၍ အစဉ်တစိုက် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်သွားရေး၊ ဓာတ်အားပို့လွှတ် လက်ခံရာတွင် System Voltage မြင့်တက်ခြင်းမှ ကာကွယ်နိုင်ရန် Capacitor Bank၊ Shunt Reactor များ တပ်ဆင်ရေးနှင့် ခွဲရုံလိုင်းရုံးတာဝါတိုင်များ၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန် ပြန်လည်သုံးသပ်

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်းဒေသကြီး ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေးနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားပြီး သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနှစ်ဆန်း တစ်ရက်နေ့က ဗိုဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) တွင် အလှူငွေ လှူဒါန်းသူများဖြင့် စည်ကားလျက် ရှိသည်ကို တွေ့ရစဉ်။

(ယင်းနေ့ တစ်ရက်တည်းတွင် အလှူရှင် ၃၅၀ ကျော်က အလှူငွေကျပ် ၃၀၃ သိန်းကျော် လှူဒါန်းခဲ့သည်။)

(ဗိုဝိတဒါနသံဃာ့ဆေးရုံကြီး)

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဓာတ်မီးများ ကျေးလက်ဒေသများ၌ အသုံးတွင်ကျယ်

ရေတာရှည် ဧပြီ ၁၈

လျှပ်စစ်ဓာတ်အားနှင့် ဓာတ်ခဲအသုံးပြုစရာမလိုသည့် ဈေးနှုန်းချိုသာသော နေရောင်ခြည်သုံး ဆိုလာမီးအိမ်နှင့် လက်နှိပ်ဓာတ်မီးများ **(အောက်ပုံ)**သည် ယခုအခါ ကျေးလက်ဒေသ နေရာအနှံ့အပြားတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံမှ တင်သွင်းလာသော ဆိုလာမီးအိမ်နှင့် ဓာတ်မီးများသည် ဈေးနှုန်းချိုသာပြီး နေရောင်ခြည်ဖြင့် လွယ်လင့်တကူ အားသွင်းနိုင်သဖြင့် ကျေးလက်နေသူများက တွင်ကျယ်စွာ ဝယ်ယူသုံးစွဲလျက်ရှိကြသည်။ ဆိုလာပြားပါ မီးအိမ်သည် ကျပ် ၁၈၀၀၀ နှင့် လက်နှိပ်ဓာတ်မီးအကြီးအသေးအပေါ် မူတည်ပြီး ကျပ် ၂၀၀၀ မှ ကျပ် ၂၅၀၀ ခန့်သာရှိသည့် ပစ္စည်းတို့ကို အရောင်းဆိုင်များတွင် နေ့စဉ်ဝယ်ယူရောင်းချလျက်ရှိကြောင်း သိရသည်။ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ပါ မီးအိမ်များ အသုံးပြုခြင်းအားဖြင့် လျှပ်စစ်စွမ်းအင်သုံးစွဲမှုလျော့ကျ၍ ဓာတ်ခဲဝယ်ယူရသည့် ကုန်ကျစရိတ်သက်သာခြင်းတို့ကြောင့် သုံးစွဲမှုပိုမိုမြင့်တက်လာနိုင်ကြောင်းသိရသည်။ (၅၇၈)

မိတ္ထီလာမြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲတော် သင်္ကြန်ယိမ်းအကပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

မိတ္ထီလာ ဧပြီ ၁၈

မိတ္ထီလာ မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲတော် သင်္ကြန်ယိမ်းအကပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ည ၇ နာရီတွင် မြို့နယ်ဗဟိုရေကစားမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ရပ်ကွက်ပေါင်းစုံသင်္ကြန်ယိမ်းအကပြိုင်ပွဲတွင် ပထမ ရတနာမာရ်အောင်၊ဒုတိယ ဝန်ဇင်း၊ တတိယရန်မျိုးအောင်၊ အထူးဆုများအဖြစ် သီရိမင်္ဂလာ၊ ပြည်သာယာ(တ)၊ ပြည်သာယာ(မ)၊ ကျေးရွာအုပ်စုပေါင်းစုံသင်္ကြန်ယိမ်းအကပြိုင်ပွဲတွင် ပထမ ဇောင်ချမ်းကုန်း၊ ဒုတိယ ထမုန်ကန်၊တတိယ ကန်သာ၊အထူးဆုကွက်ငယ်၊ တပ်နယ်ပေါင်းစုံသင်္ကြန်ယိမ်းအကပြိုင်ပွဲတွင် ပထမ (၃၁၅)တပ်နယ်နှင့် ဒုတိယ(၇၉)တပ်နယ်တို့က အသီးသီးဆုများရရှိကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး**(အောက်ပုံ)**ပြိုင်ပွဲ ဆုရသင်္ကြန်ယိမ်းအကအသင်းများက ပြိုင်ပွဲဝင်ယိမ်းအကများဖြင့် ပြန်လည်ဧည့်ခံဖျော်ဖြေကပြကြောင်း သိရသည်။ (၅၇၉)

မန္တလေး-မြစ်ကြီးနား ရထားလမ်းပေါ် သေဆုံးမှုဖြစ်

မော်လူး ဧပြီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပင်ဝယ်ဘူတာအလံတိုင်အနီး မိုင်တိုင် (၅၉၆/၁၄)(၅၉၆/၁၅) ကြား မန္တလေး-မြစ်ကြီးနား အဆန်ရထားများ ဖြတ်သန်းနေချိန် ဧပြီ ၁၅ ရက် ညနေ ၆နာရီတွင် ကျော်မင်းထွန်း ၂၃ နှစ် ပင်ဝယ်ရွာနှင့် အောင်မင်းထွေး ၂၂ နှစ် ပင်ဝယ်ရွာတို့နှစ်ဦးသံလမ်းတွင် သေဆုံးနေသည်ကို တွေ့ရှိရပြီး မော်လူးရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၂/၂၀၁၂ ဖြင့်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ (၆၈၅)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၄-၂၀၁၂ (ကြာသပတေးနေ့)

[၁၃၇၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်) အဖိတ်နေ့]

၇း၁၅	မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့မွမ်ပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
၈း၁၀	အကပဒေသာ
၈း၂၀	အဆိုပြိုင်ပွဲ
၈း၃၅	"ချစ်သောမြေချစ်သောရေ"
၄း၄၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၀၀	"ဇမ္ဗူဒီပါမှာထွန်းတဲ့ကျွန်း"
၅း၃၀	သီပွဲနှင့် သဘာဝပတ်ဝန်းကျင်
၅း၄၅	ရောင်စုံရေးသီတေးပန်းချီ
၆း၂၀	"မိုးကြိုကာလမိုးလေဝသ ဖြစ်စဉ်များနှင့် ဧပြီလအတွက် မိုးလေဝသအခြေအနေများ"
၆း၄၀	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၅	မူဟန်သွယ်သွယ်ဆိုကြမယ်
၇း၃၀	"လက်တစ်ကမ်း"
၈း၀၀	ပြည်တွင်းသတင်း -အစာလည်းဆေး၊ ဆေးလည်းအစာ **-နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ်" (အပိုင်း-၂၂) -နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၄၉)**

ယနေ့ ဖတ်စရာ မှတ်စရာ

လောကကို အလှဆင်သူများ

မြန်မာတို့၏ ထူးမြတ်သည့် ခါသင်္ကြန်ကား ငြိမ်းအေးပျော်ရွှင်စွာ ဖြတ်သန်းလွန်မြောက်နိုင်ခဲ့ကြလေပြီ။ နိုင်ငံတော်က ခါသင်္ကြန်ရုံးပိတ်ရက်အဖြစ် ၁၀ ရက် သတ်မှတ်ပေးခဲ့၍ ဝန်ထမ်းထုတစ်ရပ်လုံးလည်း စိတ်အေးကြည်သာအနားယူ အပန်းဖြေနိုင်ခဲ့ကြပါသည်။

စင်စစ် မြန်မာ့သင်္ကြန်ချိန်ခါသည် နှစ်ဟောင်းက အညစ်အကြေးများကို ရေစင်သွန်းလောင်း၍ ဆေးကြောသည့် အစဉ်အလာတစ်ရပ်ဖြစ်၍ ပိုမိုနက်ရှိုင်းလှပါသည်။ အပေါ်ယံရေပက်ဖျန်းဆေးကြောရုံသာမက မိမိတို့၏ စိတ်မနောမှ ရှင်းသန့်စွာ ပေါက်ဖွားလာသည့် အလှူဒါနကုသိုလ်ပြုကြရာ အခါသမယလည်းဖြစ်ပါသည်။ သင်္ကြန်ကာလအတွင်း ရေကစားမဏ္ဍပ်ကြီးငယ်တို့ အစီအရီပေါ်ထွက်လာသည်။ စတုဒိသာ အကျွေးအမွေးများသည် ရိုးရာမပျက် အလှူဒါနတစ်မျိုးပင်ဖြစ်သည်။ ကျွေးမွေးသူများကလည်း စေတနာဗရပွနှင့်၊ စားသောက်ကြသူများကလည်း ဟန်တစ်လုံးပန်တစ်လုံးမရှိ၊ အားရပါးရ စားသောက်ကြသည်။ လှူဒါန်းဒါနပြုရသူအဖို့ ပီတိပွားစရာပင်။ ဤသို့ဖြင့်လည်း ကုသိုလ်ယူနိုင်သည့် ပွဲဖြစ်သည်။ အချို့က အဘိုးအဘွား သက်ကြီးရွယ်အိုများအား ခြေသည်းလက်သည်းသန့်စင်၊ ခေါင်းလျှော်ရေချိုးအမှုဖြင့် ကုသိုလ်ယူကြ၏။ အချို့ကား လှူဖွယ်ဝတ္ထုတို့ဖြင့် ပူဇော်သက္ကာယပြု၏။ အချို့ကား ဇီဝိတဒါန ပြုခြင်းဖြင့် ကုသိုလ်ယူကြ၏။

အချို့ကား သင်္ကြန်ရက်တွင် မိမိတို့၏ လုပ်အားဒါနဖြင့် ကုသိုလ်ယူကြသူများလည်းရှိ၏။ ပိတ်ရက် နားရက်ပင် ဖြစ်သော်လည်း မြန်မာ့ဆက်သွယ်ရေးမှ စာပို့လုလင်များ မနားနိုင်။ ပြည်သူလူထုကြား ပေါင်းကူးဆက်သွယ်မှုကို မပြတ်စေရ။ ဂျာနယ် စာစောင်အများအပြား ရပ်နားကြသော်လည်း သတင်းနှင့်စာနယ်ဇင်းမှ ထုတ်ဝေနေသည့် သတင်းစာကြီးများ၏ အလှည့်ကျ မရပ်မနား ထုတ်ဝေသံများကြောင့် သတင်းအဆက်မပြတ်ခဲ့ရ။ ဆက်သွယ်ရေးဝန်ထမ်းများကြောင့် ဖုန်းအဆက်အသွယ်လည်းရ၏။ ထို့အတူ မြန်မာ့မီးရထားဝန်ထမ်းများ၏ လုပ်အားဒါနကြောင့် ပြည်သူအများ အလိုရှိရာ အရပ်ဒေသများသို့ သွားလာ လည်ပတ်ခွင့်၊ အနားယူခွင့်၊ မိသားစုနှင့် တွေ့ဆုံခွင့်ရကြ၏။ ရုပ်သံလွှင့်ဌာနအသီးသီးတို့၏ လုပ်အားကြောင့် သတင်းမြင်ကွင်းစုံကို မပြတ်ကြည့်ရှုခံစားနိုင်ခဲ့ကြ၏။ မိမိတို့ အသီးသီး၏ လုပ်အားဒါနမှ ထွက်ပေါ်လာသည့် မြတ်နိုးဖွယ်ရာ အလှတရားများပင်ဖြစ်သည်။

ဂျာနယ်၊ စာစောင်များ ရပ်နားသည့်ကာလတွင် ရုပ်မြင်သံကြားသတင်းကိုသာ အထူးပြုစောင့်ကြည့်ဖြစ်၏။ ရစ်ချ်တာစကေး ၈ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခု အင်ဒိုနီးရှားနိုင်ငံ ဆူမတြာကမ်းလွန်တွင် လှုပ်ရှားသွားကြောင်း သိရ၏။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် သင်္ကြန်ပွဲနွှဲရန် ရောက်နေသူများအတွက် ဆူနာမီ သတိပေးချက်ထုတ်ပြန်လိုက်၍ စိတ်ပူရ၏။ တော်ပါသေးသည်။ ငလျင်က အထက်အောက် မဟုတ်ဘဲ ဘေးတိုက်လှုပ်ရှားသွား၍ သက်သာရာရသွားခြင်းပင်။ မကြာသေးမီကလည်း TV စာတန်းထိုးသတင်းတစ်ပုဒ် ဖတ်လိုက်ရပြန်သည်။ မော်လမြိုင်-ရန်ကုန် အဆန်ရထားတစ်စင်း ပိန်းဇလုတ်ဘူတာအနီးတွင် တံတားပေါ်မှဖြတ်သန်းသွားနေသည့် အဘွားအိုနှင့် မြေးငယ်တို့အား လက်ထောက်ရထားစက်ခေါင်းမောင်းမှ အသက်စွန့်၍ ကယ်တင်လိုက်နိုင်သည့်သတင်းပင် ဖြစ်သည်။

ကယ်တင်သူရော၊ အကယ်တင်ခံရသူပါ ကြီးကြီးမားမား ထိခိုက်မှုမရှိဘဲ လွတ်မြောက်ခဲ့ကြသည်။ ကြားတောင့်ကြားရခဲသော သတင်းပင်ဖြစ်ပါသည်။ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာလည်း ဖြစ်ပါသည်။ အသက်တစ်ချောင်း ကယ်ကောင်းပါသည်ဟု ဆိုလေ့ရှိကြရာ ယခုမူ အသက်နှစ်ချောင်း။ ရထားသာ ပုံမှန်အတိုင်းသွားရမည်ဆိုလျှင် အသေအချာပင် တိုက်မိမည်ဖြစ်သည်။ ရထားဆိုသည်မှာ ကားကဲ့သို့ တုန့်ခနဲရပ်ဆိုင်း၍ မရနိုင်။ အရှိန်သတ်၍ တဖြည်းဖြည်းမှသာ ရပ်နိုင်သည့် အမျိုးအစားဖြစ်သည်။ ကွေ့ရှောင်၍လည်းမရ။ ရထားလမ်းပေါ်ရှိ အရာမှန်သမျှကို တိုက်ဖျက်နင်းချေသွားမည်သာဖြစ်သည်။ ယင်းအတွက် ရထားမောင်းသူတွင် ပြစ်မှုစိုးစဉ်းမျှမရှိပါ။ သို့သော်လည်း လက်ထောက်ရထားစက်ခေါင်းမောင်း၏ လျင်မြန်ဖျတ်လတ်မှု၊ လူ့အသက်ကို လေးစားတန်ဖိုးထားတတ်မှုနှင့်အတူ ပြည်သူ့ဝန်ထမ်းကောင်းဘဝကို မိမိ၏စိတ်ရင်းစေတနာအမှန်ဖြင့် လှစ်ဟနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ (ယင်းသို့ လက်ထောက်စက်ခေါင်းမောင်း ကယ်တင်နေချိန်တွင် မီးရထားစက် ဗိုလ်ကြီးမှာလည်း အရှိန်ဖြင့်သွားနေသော ရထားအား အတတ်နိုင်ဆုံးကြိုးစား၍ ထိန်းချုပ်နေမည်မှာ သေချာပါသည်။)

စင်စစ် ယင်းတို့အားလုံးသည် မဟာသင်္ကြန်ကာလအတွင်း မိမိတို့၏လုပ်အားဒါနဖြင့်ပင် ကုသိုလ်ရနေသူများ ဖြစ်ပါသည်။ ဤအချိန်တွင် လူ့အသက်နှစ်ချောင်းကိုပါ ကယ်တယ်နိုင်ခဲ့ခြင်းဖြစ်သည်။ ထူးမြတ်သည့် ကုသိုလ်ထူးကို တောင်းဆုမပြုဘဲ ရမည့်သူများပင် ဖြစ်သည်။ လူသာစုခေါ် နတ်သာစုခေါ် ရမည့်သူများလည်း ဖြစ်သည်။ စင်စစ်ယင်းတို့သည် လောကကို အလှဆင်သူများပင် ဖြစ်ကြပါသည်။ မြန်မာ့ လူ့အဖွဲ့အစည်းအတွင်း ဤသို့သော နှလုံးလှသူများ တိုးသထက်တိုး၊ ပွားသထက်ပွားများစေချင်လှပါသည်။ ထို့အတူ လူ့ဘောင်အဖွဲ့အစည်းအတွင်း လူ့ဂုဏ်သိက္ခာမဲ့စေမည့်၊ ညစ်နွမ်းစေမည့် ကြံဆောင်ပြုမူနေသူများလည်း လျော့နည်းပပျောက်ကင်းဝေးစေလိုလှပါသည်။

ခင်မောင်ငွေး (ပညာရေး)

မန္တလေး-မြင်းမူလမ်း၌ ကားတိမ်းမှောက်

မြင်းမူ ဧပြီ ၁၈

မြင်းမူမြို့နယ် ထီးဆောင်းရွာအနီး မန္တလေး-မြင်းမူကားလမ်း မိုင်တိုင်အမှတ် (၄၆/၀)နှင့်(၄၆/၁)ကြား မန္တလေးဘက်မှ ယာဉ်မောင်း ထွန်းထွန်းခိုင် အသက် (၃၀)နှစ် တောင်ငူစုရွာ ပုသိမ်ကြီးမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော လိုက်ထရပ်အဖြူရောင် ၈၈/.....သည် လမ်းဝဲဘက်ဘေးသို့ လဲကျတိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်လိုက်ပါသော အမျိုးသားသုံးဦး၊ အမျိုးသမီးရှစ်ဦးတို့ ဒဏ်ရာအသီးသီးရရှိသွားသဖြင့် မြင်းမူပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ထွန်းထွန်းခိုင်အား မြင်းမူရဲစခန်းမှ (ပ) ၈၆/၂၀၁၂ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၆၂၄)

ရောဝတီတိုင်းဒေသကြီး ဇီဝိတဒါန ငါးလွှတ်ပွဲ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၈

မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့် ဧပြီ ၁၇ ရက် နံနက် ၇ နာရီတွင် ပုသိမ်မြို့ အမှတ်(၁၃)ရပ်ကွက် Royal Lake ပန်းခြံ၌ ငါးလွှတ်ပွဲအခမ်းအနားကျင်းပရာ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး ငါးကောင်ရေ ၅၀၀၀၀ ကျော်ကို ကန်သာယာအတွင်းသို့ လွှတ်၍ ဇီဝိတဒါနပြုကြသည်။

ထို့နောက် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ နှစ်သစ်မင်္ဂလာအခါတော် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ၊ ဩဝါဒခံယူပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ညနေ ၃ နာရီတွင် ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ ပုသိမ်မြို့ ဩသျှစ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တစာရိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ပုသိမ်မြို့ ရတနာအုဋ္ဌ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ နန္ဒမာလာက ဩဝါဒချီးမြှင့်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံဃာတော် ၂၅ ပါးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သက်ကြီးပူဇော်ပွဲကို ကျင်းပရာ မြို့ပေါ်ရပ်ကွက်များမှ (၈၀)နှစ်အထက် အဘိုး၊ အဘွား ၁၂၀ အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၅၉၄၈၀၀၀ လှူဒါန်း၍ ပူဇော်ကန်တော့ကြပြီး ပုသိမ်မြို့ စက်တော်ရာ ဘိုးဘွားရိပ်သာမှ အဘိုး ဦးတင်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ပုသိမ်မြို့ ဇီဝိတဒါန(အဘယဒါန)ဘေးမဲ့ငါးလွှတ်ပွဲအခမ်းအနားတွင် Royal Lake ကန်သာယာအတွင်းသို့ ဘေးမဲ့ငါးလွှတ်စဉ်။
(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီ
ဘိုးဘွားများအား ပူဇော်က

ရန်ကုန် ဧပြီ

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညွ
နံနက်ပိုင်းတွင် ပဲခူးမြို့ တိုင်းဒေသကြီး ဝန်ကြီး
ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲသို့ တက်
များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါ
ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဖ
မဇင်းဆည်အတွင်းသို့ ဇီဝိတဒါနငါးလွှတ်ကြ
ဆက်လက်၍ ဗုဒ္ဓအသံဓမ္မဗိမာန်တော်
ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှုတ်
များအား ပူဇော်ကန်တော့၍ အလှူငွေများ
ယင်းနောက် ဘိုးဘွားများကိုယ်စား
ပြောကြားသည်။ ယင်းအခမ်းအနားသို့ ပဲခူးမြ
၄၉၃ ဦး တက်ရောက်ပြီး အခမ်းအနားသို့ မ
များအား အိမ်တိုင်ရာရောက် ဂါရဝပြုကန်တေ

ရခိုင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၈

ရခိုင်ပြည်နယ် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၏ ဇနီးက နံ့သာသွေးပြိုင်ပွဲတွင် ပထမဆုရ မင်းဂံရပ်ကွက်၊ ဒုတိယဆုရ စစ်တွေတက္ကသိုလ်နှင့် တတိယဆုရ စည်ပင်သာယာရေးအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယင်းနောက် နှစ်သိမ့်ဆုရရှိသည့် အသင်းများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၏ ဇနီးများက ဂုဏ်ပြုဆုများပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ပြည်နယ်ယဉ်ကျေးမှု ယိမ်းအကအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး သင်္ကြန်ယိမ်းအက အဖွဲ့များက မြနန္ဒာသီချင်းဖြင့် သီဆိုဖျော်ဖြေကာ သင်္ကြန်ပွဲတော်ကို အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဇနီး ရခိုင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားတွင် ပြည်နယ်ယဉ်ကျေးမှုယိမ်းအကအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဇီဝိတဒါန ငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၈

တနင်္သာရီတိုင်းဒေသကြီး ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီတွင် ထားဝယ်မြို့ ဆိပ်ကမ်းအာဏာပိုင် ဇောတံတား၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဇနီး ဒေါ်ဧကရီခိုင်တို့ဦးဆောင်၍ ကကတစ် ငါးကောင်ရေ ၃၀၀၀၀ ကို ထားဝယ်မြစ်အတွင်းသို့လွှတ်၍ ဇီဝိတဒါနကုသိုလ်ပြုကြသည်။

နံနက် ၉ နာရီတွင် ထားဝယ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ (၈၀)နှစ်နှင့်အထက် ဘိုးဘွားများ ပူဇော်ပွဲကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အဘိုးအဘွားများအား ကန်တော့ကြကာ ဒေါင်းငူရပ်ကွက်မှ (၈၂)နှစ်ရှိ အဘိုး ဦးထွန်းသိန်းက ဆုပေးစကားပြောကြားသည်။

သက်ကြီးပူဇော်ပွဲအခမ်းအနားတွင် ထားဝယ်မြို့ပေါ်ရပ်ကွက် ၁၅ ရပ်ကွက်မှ (၈၀)နှစ်နှင့်အထက် အဘိုး ၉၈ ဦး၊ အဘွား ၁၈၀ စုစုပေါင်း ၂၇၈ ဦးတို့အား ငွေကျပ် ၆၃၉၄၀၀၀ တန်ဖိုးရှိ ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ကျန်းမာရေးစောင့်ရှောက်မှုခံယူနေသော အဘိုးအဘွားများအား အားပေးစကားပြောကြားခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေ ၄ နာရီတွင် ထားဝယ်မြို့ သာသနာ့ဗိမာန်တော်၌ နိုင်ငံတော်ဩဝါဒါစရိယ ယောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တစိဏ္ဏာဘိဝံသ ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်သည့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူခဲ့ကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

**တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးခ
အတွင်းသို့ ငါးများလွှတ်၍ ဇီဝိတဒါန ကု**

သူ့အမြင် သူ့အတွေး — မလေးစံပယ်

ကျွန်မတို့၏ ရပ်ကွက်ကလေး

ယခု နွေလယ်ကာလ၌ ကမ္ဘာကြီးပူနွေးစပြုလာ၍လားမသိ၊ ရန်ကုန်နွေသည် ချစ်ချစ်တောက်ပူပြင်းနေပါပြီ။ အချို့ရပ်ရွာများတွင် ချောင်းငယ် မြောင်းငယ်များ ကောနေ၍ ပူပြင်းခြောက်သွေ့နေကြပြီဟု ကြားသိရပါသည်။ ဆောင်းရာသီကာလတွင်ပင် နွေဦးကာလကဲ့သို့ ဥဩငှက်ကလေးများက ကိုဝေး ကိုဝေးလိုလို ကျော်ရဲအောင် ကျော်ရဲအောင်လိုလို မြည်ကြွေးသံကလေးများမှာ ရန်ကုန်မြို့လယ်မှ ကျွန်မတို့ရပ်ကွက်ကလေး၌ ဆောင်းမပီ၊ မိုးပျောက်၊ နွေခေါင်ခေါင်ပုံရိပ်များ ဖြစ်နေလေ့ရှိပါသည်။

တစ်ခါက "ဒီရပ်ကွက်ကလေးကို ဖြတ်သွားရတာ အေးမြနေလို့ မမောဘူးနော်တဲ့" လမ်းသွားလမ်းလာတို့၏ မှတ်ချက်များကို ကြားရသောအခါ ကျွန်မတို့ရပ်ကွက်ကလေးကို ကျေနပ်လိုက်မိပါသည်။

မှန်ပါသည်။ ကျွန်မတို့နေထိုင်သည့် ဦးဝိစာရ အိမ်ရာရပ်ကွက်ကလေးမှာ ရန်ကုန်မြို့လယ်၌ပင် ရှိလင့်ကစား တောရပ် တောရွာကလေးကဲ့သို့ သစ်ရိပ်ဝါးရိပ်များပင် ရှိခဲ့ဖူးပါ၏။ ယခုအခါ ဝါးရိပ်များ ပျောက်ကွယ်သွားသော်လည်း သစ်ပင်ရိပ်များကြောင့် အေးရိပ်ဆာယာရှိနေပါသေးသည်။

နာဂစ်မုန်တိုင်းဒဏ်ကြောင့် အချို့သောသစ်ပင်ရိပ်ကြီးများ ပြိုလဲပျောက်ကွယ်သွားကြသော်လည်း အချို့အပင်ကလေးများ ရှင်သန်နိုးထလာ၍ ပြန်လည်အေးချမ်းစပြုလာပါသည်။ ထို့ကြောင့်လည်း ဥဩငှက်ကလေးများ၏ တွန်ကျူးသံကလေးများကို ရန်ကုန်မြို့လယ်၌ ကြားနေရခြင်းဖြစ်ပါသည်။

သစ်ပင်တစ်ပင် အထူးသဖြင့် စားပင်သီးပင်တစ်ပင်ဖြစ်ထွန်းရန် အနည်းဆုံး ခြောက်နှစ် ခုနစ်နှစ်မျှ ပြုစုပျိုးထောင်ရပါသည်။ စိုက်ပျိုးစ ပျိုးပင်ကလေး နွေအခါ ရေမရ၍ နွမ်းရိခြောက်သွေ့နိုင်သဖြင့် နေ့စဉ် ရေလောင်းပေးရ၏။ ပေါင်းသင်ကာ မြေတောင်မြှောက်ပေးရပါ၏။ ထို့ကြောင့် သစ်ပင်ကလေး အသီးသီးရန် အချိန်အတော်ကြာ စောင့်စားရပါသည်။ အခုစိုက် အခုသီးတတ်သည် မဟုတ်ပါ။ အပင်တစ်ပင်ဖြစ်ရန် မလွယ်ကူသော်လည်း ခုတ်ပစ်လိုက်ဖို့ကား လွယ်ကူလှပါသည်။ ကျွန်မတို့ တိုက်ခန်းနေမိသားစုများတွင် အများစုသည် သစ်ပင်စိုက်ဝါသနာပါသူများကြပါသည်။ အထူးသဖြင့် ပင်စင်စားများဖြစ်၏။ မိမိတို့၏ အားလပ်ချိန်များတွင် သစ်ပင်ပန်းပင်များ စိုက်ပျိုးကာ ရေလောင်းမှန်ကြ၏။ အောင်မြင်ဖြစ်ထွန်းလာသောအခါ လန်းဆန်းစိုပြည်ကာ ကျေးငှက်သာရကာများ လာရောက်ခိုနားကြ၏။ သူတို့၏ တေးဆိုသံများကြောင့် သာယာကြည်နူးဖွယ်ကောင်းလှပါသည်။ တစ်ခါတစ်ရံ တောရပ်ကျေးရွာကလေးလို ကြက်တွန်သံများဖြင့် ဆူဆူညံညံ ရှိတတ်ပါ၏။ ရေတမာပင်အုပ်အုပ်ဆိုင်းဆိုင်းတွင်းမှ ရွှေချိုးကလေးများကလည်း တကူးကူး မြည်တတ်ပါသေး၏။ နံနက်စောစော ဝေလီဝေလင်းအချိန်မှစ၍ ငှက်ကလေးများ၏ တေးဆိုသံမျိုးစုံတို့ကို ကြားနိုင်ပါသည်။ စာကလေးအုပ်စု၏ တကျီကျီအသံများကိုတော့ မကြားချင်မှအဆုံး ဖြစ်ပါသည်။ ပတ်ဝန်းကျင်ကို အလွှမ်းမိုးဆုံးကတော့ ရွှေဥဩ၏ နွေဦးတေးသံဖြစ်ပါသည်။

ကျွန်မတို့ရပ်ကွက်ကလေးတွင် စားပင်သီးပင်ပေါသည်ဟု ဆိုနိုင်ပါသည်။ အုန်းပင်ပေါသဖြင့် အုန်းသီးမရှားသလို သရက်ပင်ပေါသောကြောင့်လည်း သရက်ကင်းချိန်မှစ၍ သရက်တုံးသည်အထိ စားသောက်နိုင်ပါသည်။ ဒန့်သလွန်ပင်ဖြစ်ထွန်းသဖြင့် အရွက်ခူးစားမလား၊ ဒန့်သလွန်သီးစားမလား လိုချင်သည့်အချိန် ခူးစားနိုင်ပါသည်။ ပိန္နဲသီးများကား အိမ်ပျော့စားလိုပါသလား၊ အိမ်မာကို စားလိုပါသလား မျိုးကောင်းမျိုးသန့်များကို စိုက်ထားပါသဖြင့် မျက်နှာပန်းလှစွာ ဧည့်ခံနိုင်ပါသည်။

အထူးကား ငှက်ပျောမျိုးကောင်းများ ဖြစ်ပါသည်။ တစ်ဖီးတစ်ဖီးတွင် လုံးရေ ၁၈ လုံးမှ ၂၀ အထိ သီးတတ်ပါသည်။ အလုံးရှည်ရှည် လှလှဝဝမို့ အလှူကန်တော့ပွဲများတွင် မျက်နှာပန်းလှတတ်ပါသည်။

မုန့်ဟင်းခါးချက်ရန် ငှက်ပျောပင်ရှာရန် မလိုပါ။ အပင်စားငှက်ပျောမျိုးမှ ခုတ်ယူနိုင်ပါသည်။ ရဲယိုပင်ကို အရွက်စားရန် စိုက်ထားသည် မှန်ပေသည့် အသီးက ဆေးဖက်ဝင်သည်ဟုသိရသောအခါ အမြတ်တနိုးကောက်ယူကာ တစ်အိမ်နှင့်တစ်အိမ် ဝေငှပေးကြရပြန်သည်။ ငါးပေါင်းထုပ် ထုပ်စားရန်ကား အရွက်နုနုလှလှများကို ရွေးချယ်ခူးယူနိုင်၏။

စပါးလင်ပင်ကိုကား လိုချင်သည့်အခါ သူ့အုံထဲမှ သွားနုတ်ယူလိုက်ရုံသာ။ မိုးမျှော်ရှတ်ကား လမ်းသွားရင်းခူးသွား၍ ရပါသည်။ လမ်းဘေး၌ အစီအရီ စိုက်ပေးထားပြီး ဘယ်သူခူးခူး မမှုပါ။ လှူထားပြီး ဖြစ်၏။

ဆိပ်ဖလူးပန်းပင်များ၊ ညမွှေးပန်းပင်များမှ ပန်းရနံ့များသည် ညနေချမ်းလေညင်းထဲတွင် မွှေးပျံ့နေတတ်ပါသည်။ လသာညဥ့်များတွင် ပို၍သင်းသလိုလိုမို့ ကြည်နူးဆွတ်ပျံ့ဖွယ်ကောင်းလှပါသည်။

တရုတ်စကားပန်းကလေးများနှင့် အကျော်ပန်းကလေးများကလည်း သင်းပျံ့ပျံ့ရနံ့ဖြင့် မွှေးပျံ့နေတတ်သေး၏။

နံနက်ခင်းလမ်းလျှောက်ထွက်ချိန်မှာကား ပန်းပင်လယ်ဝေနေသလိုလို ဆိပ်ဖလူးပန်းကလေးများ၏ ပန်းခင်းသောလမ်းကလေးများကို တွေ့မြင်နိုင်ပါသေးသည်။

စက္ကူပန်းနွယ်တို့၏ ရောင်စုံအဆင်းများကြောင့် ရပ်ကွက်ကလေးမှာ ဆေးရောင်စုံခြယ် ပန်းချီကားလို လှပနေပါသည်။ ဇီဇဝါပန်းကလေးများ၏ရနံ့က အားကျမခံဘဲ သင်းပျံ့နေတတ်ပါသည်။ ပွင့်တူရွက်တူနှင့် လေးနာရီပန်းခေါ် မြေဖူးပန်းကလေးများကလည်း မြေနားတွင် ဝိုက်၍ဖူးပွင့်ကာ အလှဆင်ကြပါသည်။ ဘုရားပန်းအတွက် ရွက်လှမျိုးစုံကို ချိုးယူစိုက်ထိုးပူဇော်နိုင်ပါသည်။

ကျွန်မတို့ရပ်ကွက်ကလေး၏ အိမ်နောက်ဘက်တွင် ကွက်လပ်နေရာလပ်ကလေးများထားရှိသဖြင့် စားပင်သီးပင်များကို စိုက်ပျိုးနိုင်ပါသည်။

မျိုးကောင်းသင်္ဘောပင်များမှ သင်္ဘောသီးမှည့်ရွှမ်းရွှမ်း၏ သဘာဝအရသာကို ချိုမြိန်စွာစားသုံးနိုင်ပါသည်။ ထို့အတူ မာလကာသီးများ၊ ပိန္နဲသီးများကို လိုရာရွေးချယ်၍ ခူးစားနိုင်ပါသည်။ မန်ကျည်းပင် အရွယ်မျိုးစုံမှလည်း အရွက်နု၊ အသီးနု၊ အသီးမှည့်ကြိုက်သလို ခူးယူစားသုံးနိုင်သေးသည်။ မန်ကျည်းခေါက်ကို ယူလိုပါသေးလျှင် လိုသလိုလှီးဖြတ်ပေးတတ်ပါသေးသည်။

အိမ်ရှေ့ဘက်မျက်နှာစာများတွင်ကား သစ်ခွမျိုးစုံ ပန်းမျိုးစုံတို့ကို အလှစိုက်ထားတတ်သဖြင့် ငေးမောကြည့်ရှု၍ မဝနိုင်ဘဲရှိတတ်ပါသည်။

သို့တစေ ကျွန်မတို့ရပ်ကွက်ထဲသို့ ငွေကြေးချမ်းသာသူများ ရောက်ရှိလာသောအခါ အခွင့်ထူးခံများပီပီ အပင်များကို ခုတ်ထွင်ရှင်းလင်းပြီး အိမ်ရာနေရာများကိုပါ ချဲ့ထွင်ကြသည်။ ကားရုံများထားကြ၏။ မြက်ခင်းပြင်များ၊ ပန်းခင်းများ၊ စားပင်သီးပင်များ ပျောက်ကွယ်သွားကြ၏။ သစ်ရိပ်များပျောက်ကွယ်သွားကြသောအခါ နေပူဒဏ်၊ အိမ်မိုးပြား၏ အပူပြန်ဒဏ်များကို ခံယူကြရ၏။ အပေါ်အခန်းများသို့ အလွယ်တကူတက်ရောက်နိုင်သောအခါ အထက်ထပ်များ၌ နေကြသူများမှာ အခါတိုင်းကဲ့သို့ အေးအေးလူလူ လေညင်းခံကာ မအိပ်စက်နိုင်ကြတော့ဘဲ သူခိုးသူဝှက်ဒဏ်ကို ကျီးလန့်စာစားဘဝဖြင့် အပူဒဏ်ခံဘဝမက စိတ်မအေးဒဏ်ပါ ပိုလာပါတော့သည်။

ငွေကြေးတတ်နိုင်သဖြင့် လေအေးစက်၊ မီးစက်တပ်ကာ အပူဒဏ်ကို အန်တုံ၍ဆန့်ကျင်ဘက်ပြုနိုင်သော်လည်း အခြားတစ်ဖက်တွင် လေအေးစက်၊ မီးစက်များမှ ထုတ်လွှတ်သောလေပူများကြောင့် ပတ်ဝန်းကျင်လေပူတွင် အပူဆင့်ကာ ပို၍ပူနွေးလာရ၏။

ထိုအပူများ စုဝေးအားကြီးလာသောအခါ ရာသီဥတုဖောက်ပြန်ခြင်း၊ လေဖိအားနည်းရပ်ဝန်း သို့မဟုတ် လေပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်း စသည့် သဘာဝဘေးတို့ ဆိုက်ရောက်လာတတ်ပါ၏။

တိုင်းပြည်တိုင်း၌ လူသုံးခေတ်မီလျှပ်စစ်ပစ္စည်းများ ထုတ်လုပ်လာကြသဖြင့် ပတ်ဝန်းကျင်တွင် အပူဓာတ်များ ပိုမိုထုတ်လွှတ်နေကြရာ ကမ္ဘာကြီးပူနွေးလာ၏။ ရေခဲတောင်များ အရည်ပျော်လာ၏။ သမုဒ္ဒရာရေ မြင့်တက်လာ၏။ အချို့တိုင်းပြည်များ၌ ရေကြီးဒဏ်ခံရ၍ အချို့ရေအောက်သို့ မြုပ်လုနီးပါးရှိကြ၏။

ဤကဲ့သို့ ရေကြီးခြင်း၊ ရေမြုပ်ခြင်းဘေးဒဏ်သင့်နေခြင်းနှင့်အတူ ရေချိုကားတစ်စတစ်စရှားပါးလာပါ၏။ အပူဒဏ်ကြောင့် ရေများခန်းခြောက်ရသည့်အထဲ သစ်ပင်ဝါးပင်များ ခုတ်ထွင်ရှင်းလင်းမှုများသောကြောင့် အမြစ်ကုတ်အားမရှိသောတောင်များမှ မြေကြီးများ ရေမတင်တော့ဘဲ ခြောက်သွေ့၍ သဲအဖြစ်ဖြင့် မိုးရေစီး၌ မျောဆင်းသွားရ၏။ ထိုအခါ ကျောက်တောင်များသာ ကျန်ရစ်ကာ နေပူရှိန်ကြောင့်
ပို၍ ပူလောင်လာ၏။ မြစ်ငယ်ချောင်းငယ်မျ
ရေရှားပါးလာ၏။ အချို့တိုင်းပြည်များတွင်
ဖြစ်၏။

ဤသို့ ရေရှားပါးလာနေသည်ကို မိမိမ
လျှင် ကိစ္စမရှိသေးပါ။ သူများ ရေငတ်ဒဏ်ခံ
ပြင်ဆင်ထားကြရမည်မဟုတ်ပါလား။ ယခု
သည်လား၊ ဗဟုသုတမဲ့သည်လား၊ အတ္တရှေ့တ
ငတေမာရင်ပြီးရော သဘောထားဖြင့် ရပ်ကွ
ထင်းအလို့ငှာ လာခုတ်ယူကြသည်လား ထင်

ထိုသစ်ရိပ်ကြီးများ ပျောက်ကွယ်သွာ
နေပူခံဘဝ ရောက်သွားရပြန်သည်။ သစ်ပင်စို
ကြ၏။ ယခုအခါ သစ်ပင်ပျိုကလေးများဖြ
မသီးသေးပေ။

ကျွန်မတို့ အိမ်ခန်းကို လက်ခံကြရစဉ်
များတွင် အိမ်ခန်းကို တိုးချဲ့ရန်မဆိုထားနှင့် ပုံ
မည်သို့ မည်ပုံဖြစ်သည်မသိ။ စားပင်သီးပင်မျ
ချဲ့ကြ၏။ အိမ်၏ရှေ့နောက်ကွက်လပ်များ
ငါတို့မြေဟူ၍ ကြွေးကြော်ကာ အများ၏ သ
ကိုယ်တိုင်လည်း မစိုက်၊ သူများ စိုက်ပျိုးခြင်းကို
အစာရှားပါးရန် နိမိတ်ပင်ဖြစ်၏။

အတ္တကို ရှေ့တန်းတင်သော ငွေ
ရှေ့တန်းတင်စိတ်ထားမျိုး များလတ်သော် ပ
ဝန်းကျင်ဖြစ်တတ်၏။

အစာရေစာ မလုံလောက်မှုနှင့် ခိုက်ရ
ကပ်ဘေးများ ဆိုက်ရောက်ခြင်းဆိုသည့် နေ
လိုက်နိုင်ကြောင်း ကျမ်းဂန်များတွင် ဆိုထား

ဤဘေးဒုက္ခတို့မှ ကင်းဝေးစေရန် လူ
ကြီး၏။ အစွယ်ပြူးပြူး လူ့ဘီလူးမဖြစ်စေဖို့
ဖြန့်ဝေကာ မရှိအတူ၊ ရှိအတူ သာတူညီ
တစ်ထောက်မျှမကြည့်ဘဲ မျက်စိတစ်ဆုံးကြ
ပေါ်များပါ၏။ စားပင်သီးပင်များမှာ ရေရှားပ
ငါတို့ ဘယ်အရာ ဝယ်စားကြရပါမည်နည်း။
ငွေရှိ၏။ ဝယ်စားနိုင်သားပဲ ဆိုပါမည်လား။ ထို
အရှည်ခန့်မှန်းနိုင်ပါက လောကသည် အ
စိုပြည်ဝပြောမည်ဖြစ်ပါကြောင်း။ ။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၁၈

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် ဇနီးတို့သည် ဧပြီ ၁၇ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ တိုင်းဒေသကြီး ဝန်ကြီးအိမ်ရာ၌ ကျင်းပသည့် အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲသို့ တက်ရောက်၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဇနီးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မဇင်းဆည်အတွင်းသို့ ဇီဝိတဒါနငါးလွှတ်ကြသည်။

ဆက်လက်၍ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ဘိုးဘွားများ ပူဇော်ကန်တော့ပွဲ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဘိုးဘွားများအား ပူဇော်ကန်တော့၍ အလှူငွေများ လှူဒါန်းကြသည်။

ယင်းနောက် ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းအခမ်းအနားသို့ ပဲခူးမြို့ပေါ် (၃၁)ရပ်ကွက်မှ အဘိုးအဘွား ၄၉၃ ဦး တက်ရောက်ပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွားများအား အိမ်တိုင်ရာရောက် ဂါရဝပြုကန်တော့ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် ဇနီးတို့ မဇင်းဆည်အတွင်းသို့ ဇီဝိတဒါန ငါးလွှတ်ကြစဉ်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဇနီး ဒေါ်ဧကရီခိုင်တို့ ထားဝယ်မြစ် အတွင်းသို့ ငါးများလွှတ်၍ ဇီဝိတဒါန ကုသိုလ်ပြုကြစဉ်။

(သတင်းစဉ်)

သက်ကြီး ပူဇော်ပွဲနှင့် ပရိတ်ရွတ်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၈

ဧပြီ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂၆)ရပ်ကွက် ရွာမကျောင်းဓမ္မာရုံ၌ သက်ကြီးဘိုးဘွားများ ပူဇော်ပွဲကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီခိုင်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များက ဘိုးဘွား ၄၃ ဦးအား တစ်ဦးလျှင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူစီနှင့် ငွေကျပ် ၂၀၀၀၀ စီဖြင့် ပူဇော်ကန်တော့ကြသည်။

ညနေပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ အန္တရာယ်ကင်းပရိတ်ရွတ်ပွဲ ပြုလုပ်ခဲ့ပြီး ဆရာတော် သံဃာတော်ငါးပါးတို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဧပြီ ၁၈

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသော အသက်(၆၀)နှင့်အထက်ဆရာကြီး ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို မေ ၄ ရက် (မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်၊ သောကြာနေ့)နံနက် ၉ နာရီတွင် ကျောက်ကြီးမြို့ ပဲခူးရပ်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း(အခြေခံပညာအထက်တန်းကျောင်းဟောင်း)၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ချီးမြှင့်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများလည်း စုံညီစွာတက်ရောက်ကြပါရန် မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီက ဖိတ်ကြားထားသည်။

မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများထည့်ဝင်လိုပါက ကျောက်ကြီးမြို့နယ်ပညာရေးမှူးရုံး ဖုန်း-၀၅၄-၄၉၀၀၃၊ ဦးအောင်ကြီး(ကျောက်ကြီး)ဖုန်း-၀၅၄-၄၉၀၂၄၊ ဦးဝင်းနိုင်(ကျောက်ကြီး) ဖုန်း-၀၉-၆၃၁၀ ၃၇၆၊ ဦးသန်းဝင်း(ရန်ကုန်) ဖုန်း-၀၁-၆၄၆၃၇၅၊ ၀၉-၅၀၈၅၉၀၅ နှင့် ဗိုလ်မှူးကြီးမြင့်အုန်း(ငြိမ်း) (ရန်ကုန်) ဖုန်း-၀၁-၅၈၁၀၂၀၊ ၀၉-၅၁၇၁၈၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ဖိုးရန်နိုင်)

ပို၍ ပူလောင်လာ၏။ မြစ်ငယ်ချောင်းငယ်များမှ ရေများ ပိုမိုခြောက်ခန်းလာပြီး ရေရှားပါးလာ၏။ အချို့တိုင်းပြည်များတွင် သောက်ရေရှားပါးမှုဒဏ် ခံနေရပြီ ဖြစ်၏။

ဤသို့ ရေရှားပါးလာနေသည်ကို မိမိမကြုံသေး၍ ကိုယ်ချင်းမစာနိုင်သေးလျှင် ကိစ္စမရှိသေးပါ။ သူများ ရေငတ်ဒဏ်ခံနေရသည်ကိုတော့ သတိပြုမိပြီး မိမိတို့ ပြင်ဆင်ထားကြရမည်မဟုတ်ပါလား။ ယခုတော့ ဤသို့ မဟုတ်၊ မျက်ကွယ်ပြုသည်လား၊ ဗဟုသုတမဲ့သည်လား၊ အတ္တရှေ့တန်းတင်သည်လား၊ ဘယ်သူသေသေ ငတေမာရင်ပြီးရော သဘောထားဖြင့် ရပ်ကွက်အတွင်းရှိ အပင်ကြီးမှန်သမျှကို ထင်းအလို့ငှာ လာခုတ်ယူကြသည်လား ထင်မြင်မိပါသည်။

ထိုသစ်ရိပ်ကြီးများ ပျောက်ကွယ်သွားသဖြင့် ကျွန်မတို့ရပ်ကွက်ကလေး နေပူခံဘဝ ရောက်သွားရပြန်သည်။ သစ်ပင်စိုက်ဝါသနာပါကြသူများပီပီ ထပ်စိုက်ကြ၏။ ယခုအခါ သစ်ပင်ပျိုကလေးများဖြင့် စိုပြည်စပြုနေပါပြီ။ အသီးကားမသီးသေးပေ။

ကျွန်မတို့ အိမ်ခန်းကို လက်ခံကြရစဉ်က ထားရှိခဲ့သော ခံယူချက်စည်းမျဉ်းများတွင် အိမ်ခန်းကို တိုးချဲ့ရန်မဆိုထားနှင့် ပုံစံကိုပင် မပြောင်းလဲရန် ပါရှိပါသည်။ မည်သို့ မည်ပုံဖြစ်သည်မသိ။ စားပင်သီးပင်များ ခုတ်ထွင်ရှင်းလင်းကာ အခန်းများ ချဲ့ကြ၏။ အိမ်၏ရှေ့နောက်ကွက်လပ်များကို အစိုးရပိုင်မြေဟု သိရှိပုံမရ။ ငါတို့မြေဟူ၍ ကြွေးကြော်ကာ အများ၏ သစ်ပင်စိုက်ပျိုးခြင်းကို လက်မခံချေ။ ကိုယ်တိုင်လည်း မစိုက်၊ သူများ စိုက်ပျိုးခြင်းကိုလည်း လက်မခံ။ လူသားတို့အတွက် အစာရှားပါးရန် နိမိတ်ပင်ဖြစ်၏။

အတ္တကို ရှေ့တန်းတင်သော ငွေကြေးကြွယ်ဝသူများ၏ ကိုယ်ကျိုးရှေ့တန်းတင်စိတ်ထားမျိုး များလတ်သော် ပတ်ဝန်းကျင် ထိခိုက်ကာ မလှပသည့် ဝန်းကျင်ဖြစ်တတ်၏။

အစာရေစာ မလုံလောက်မှုနှင့် ခိုက်ရန်ဒေါသများကြောင့် ရောဂါဝေဒနာ ကပ်ဘေးများ ဆိုက်ရောက်ခြင်းဆိုသည့် နောက်ဆက်တွဲဖြစ်စဉ်များ ဆက်တိုက်လိုက်နိုင်ကြောင်း ကျမ်းဂန်များတွင် ဆိုထားပါ၏။

ဤဘေးဒုက္ခတို့မှ ကင်းဝေးစေရန် လူသားဆန်ဆန် နေနိုင်ကြဖို့ အရေးကြီး၏။ အစွယ်ပြူးပြူး လူ့ဘီလူးမဖြစ်စေဖို့ အရေးကြီး၏။ မေတ္တာခတ်များဖြန့်ဝေကာ မရှိအတူ၊ ရှိအတူ သာတူညီမျှ ဝေငှစားကြရပါ၏။ မျက်မွေးတစ်ထောက်မျှမကြည့်ဘဲ မျက်စိတစ်ဆုံးကြည့်နိုင်ပါလျှင် နေထိုင်စရာများကား ပေါ်များပါ၏။ စားပင်သီးပင်များမှာ ရေရှားပါးလျှင် မဖြစ်ထွန်းပါ။ ဤသို့ဖြစ်လျှင် ငါတို့ ဘယ်အရာ ဝယ်စားကြရပါမည်နည်း။ ဤသို့အခြေအနေဆိုက်ခဲ့ပါမူ ငါ့မှာငွေရှိ၏။ ဝယ်စားနိုင်သားပဲ ဆိုပါမည်လား။ ထို့ကြောင့် ရေရှည်ကို ဉာဏ်ပညာသုံး၍ အရှည်ခန့်မှန်းနိုင်ပါက လောကသည် အခွန့်တာရှည်တည်ကာ သာယာလှပ စိုပြည်ဝပြောမည်ဖြစ်ပါကြောင်း။ ။

မူခင်းကျဆင်းရေးပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့များသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်

မန္တလေး ဧပြီ ၁၈

မန္တလေးမြို့တော်အတွင်း မူခင်းကျဆင်းရေးအတွက် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ ကြီးကြပ်မှုဖြင့် ခရိုင်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများက ဈေးများ၊ လမ်းဆုံလမ်းခွများ၊ လူစည်ကားရာ နေရာများတွင် လောင်းကစားခြင်း ဥပဒေပါ သိမှတ်ဖွယ်ရာများ၊ ခိုးမှု၊ လုယက်မှုမဖြစ်ပွားစေရန် ဆောင်ရန်/ရှောင်ရန်များ၊ လူကုန်ကူးမှု ပပျောက်ရေး သတိပြုဖွယ်ရာများ၊ လူသတ်မှု၊ မုဒိမ်းမှုများမဖြစ်ပွားရအောင် ဂရုပြုဆင်ခြင်သင့်သည်များ ပါသည့် ပညာပေးစာစောင်များ ဝေငှခဲ့သည်။

မူခင်းကျဆင်းရေးအတွက် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဖုန်း-၀၂-၃၉၆၃၅၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း-၀၂-၃၆၉၈၉၊ အောင်မြေသာစံမြို့နယ် ရဲတပ်ဖွဲ့ ဖုန်း-၀၂-၃၆၇၈၀၊ ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့ ဖုန်း-၀၂-၃၆၇၈၂၊ ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့ ဖုန်း-၀၂-၇၀၆၈၃၊ ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့ ဖုန်း-၀၂-၈၀၃၄၇၊ အမရပူရမြို့နယ် ရဲတပ်ဖွဲ့ ဖုန်း-၀၂-၅၇၉၀၅ နှင့် ပုသိမ်ကြီးရဲတပ်ဖွဲ့ ဖုန်း-၀၂-၅၇၇၄၉ တို့သို့ လည်းကောင်း၊ မန္တလေးမြို့ အမှတ်(၁) ရဲစခန်း ဖုန်း-၀၂-၆၁၂၀၇၊ အမှတ်(၂) ရဲစခန်း ဖုန်း-၀၂-၃၂၀၀၈၊ အမှတ်(၃) ရဲတပ်ဖွဲ့ ဖုန်း-၀၂-၃၂၀၈၉၊ အမှတ်(၄) ရဲစခန်း ဖုန်း-၀၂-၆၀၈၃၁၊ အမှတ်(၅) ရဲစခန်း ဖုန်း-၀၂-၃၆၉၉၁၊ အမှတ်(၆) ရဲစခန်း ဖုန်း-၀၂-၃၆၉၉၂၊ အမှတ်(၇) ရဲစခန်း ဖုန်း-၀၂-၃၆၉၉၃၊ အမှတ်(၈) ရဲစခန်း ဖုန်း-၀၂-၃၆၉၉၄၊ အမှတ်(၉) ရဲစခန်း ဖုန်း-၀၂-၃၆၉၉၅၊ အမှတ်(၁၀) ရဲစခန်း ဖုန်း-၀၂-၆၃၁၄၅၊ အမှတ်(၁၁) ရဲစခန်း ဖုန်း-၀၂-၃၆၉၉၆၊ အောင်ပင်လယ်ရဲစခန်း ဖုန်း-၀၂-၆၂၇၁၀ နှင့် ပြည်ကြီးတံခွန်ရဲစခန်း ဖုန်း-၀၂-၈၀၃၄၈ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

(၅၆၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၉-၄-၂၀၁၂ (ကြာသပတေးနေ့)

- ၅း၄၀ "အောင်ခြင်း(၈)ပါး-နာလာဂီရိဆင်မင်းကိုအောင်ခြင်း" တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၈း၅၀ Show Room (Part-8)
- ၁၀း၁၅ aroma ၏ ခေတ်မီဆန်းပြား မြန်မာ့ရိုးရာ သတို့သမီး ထိုင်မသိမ်းဝတ်စုံဒီဇိုင်းများ
- ၁၀း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၂း၂၀ အံ့ဖွယ်ထူးခြား မြန်မာပြည်အလယ်ပိုင်းမှ တန်ခိုးကြီးဘုရားများ
- ၅း၀၅ Shooting Making (The Sign of Love)
- ၇း၁၀ "နှစ်သစ်အကြို မြန်မာပြည်သိန်းတန်" Live Show (Part-19)
- ၈း၃၀ Style ရှိမှ Star ဖြစ်မယ်
- ၉း၂၀ Show Room (Part-9)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၁၁)**
- ၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၁၇)**
- ၁၁း၃၅ "ကျန်းမာစေသော စိတ်သဘောထား" (ဒေါက်တာခင်မောင်လွင်၊ အကယ်ဒမီငြိမ်းမင်း)
- ၁၂း၅၅ သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပေါင်းပင်"
- ၁း၄၅ ကျန်းမာလှပတဲ့ဘဝ ပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ် ကျင့်ကြစို့
- ၄း၀၀ ပန်းပျိုးလက်ဖြင့် ပန်းမျိုးဆက်တို့ ထက်မြက်ရှင်သန်စေရာ
- ၄း၁၅ အပန်းဖြေစရာ မျက်လှည့်ကမ္ဘာ
- ၄း၄၅ သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ

သမိုင်းတစ်ခေတ်ရဲ့ စာမျက်နှာသစ်

* အိုဘယ့်…သွေးချင်း၊ ညီနောင်ရင်းတို့
ရိုင်းပင်းညီညာ၊ အစဉ်လာနှင့်
မြန်မာဇာတိ၊ ကမ္ဘာသိခဲ့
သိသည့်အတိုင်း
အရိုင်းမခံ၊ အမှန်ပကတိ
ထက်ဘိစွမ်းရည်၊ ညီဘိစိတ်ဝမ်း
လက်ကမ်းတူယှဉ်၊ သမိုင်းစဉ်ဝယ်
တွင်ရစ်ထင်ဟပ်၊ ဂုဏ်ပေါင်းထပ်လျက်
'စိတ်ဓာတ်'မြင့်မား၊ ကောင်းမွေများနှင့်
နိုးကြားတို့မျိုးဖြစ်သည်ကြောင့်…။

* အိုဘယ့်…သွေးချင်း၊ ညီနောင်ရင်းတို့
ဆောင်နှင်းသိက္ခာ၊ အစဉ်လာနှင့်
မြန်မာခလေ့၊ ကမ္ဘာမွေ့ခဲ့
မွေ့သည့်အတိုင်း
မယှဉ်နှိုင်းနိုင်၊ ကိုယ်ပိုင်ရန့်
ရှင်းသန့်ရိုးရာ၊ ဝေဖြာကျင့်ဝတ်
မချွတ်မစောင်း၊ သမိုင်းကြောင်းဝယ်
ထိန်းကျောင်းဖြည့်စွမ်း၊ ဂုဏ်ဆင့်လွှမ်းလျက်
'စည်းကမ်း'ခြားနား၊ ကောင်းဟိတ်များနှင့်
စံထားတို့မျိုးဖြစ်သည်ကြောင့်…။

* စဉ်လာကောင်းမြတ်၊ မျိုးဂုဏ်ဒြပ်နှင့်
'စိတ်ဓာတ်'မြင့်မား၊ ပြည်ထောင်ဖွားမို့
'စည်းကမ်း'စံထား၊ မျိုးချစ်ဖွားမို့
ရှိထားကောင်းမွေ၊ ထိန်းစောင့်လေရင်း
ညီစေလက်တွေ့၊ ကိန်းအောင်းမွေ့ရင်း
ယနေ့တစ်ခေတ်၊ စနစ်သစ်နှင့်
ဖွင့်လှစ်ဆောက်တည်၊ ဒီမိုကရေစီလမ်း
လှမ်းချီမာန်ဝင့်၊ အောင်လံလွှင့်ချိန်
သင့်ရာအခန်း၊ စွမ်းရာကဏ္ဍ
ကျရာမားမတ်၊ မဟာလပ်ဘဲ
'စိတ်ဓာတ်'လည်းပြည့်၊ 'စည်းကမ်း'ပြည့်စွာ
ရှိသင့်ရသင့်၊ လွတ်လပ်ခွင့်မှ
ဆင့်ပွားညီတူ၊ တာဝန်ယူမှု
အားထုတ်မှုများ၊ ဆင်ခြင်ပွားလျက်
နိုးကြားတက်ကြွ၊ ကျေပွန်မှုလျှင်
မြန်မာ့မဏ္ဍိုင်၊ အောင်ပွဲမြိုင်လိမ့်
နိုင်ငံတော်သစ်၊ သမိုင်းသစ်၏
ထုဆစ်ဖွင့်ရာ၊ စာမျက်နှာသစ်
ခေတ်မီဖွံ့ဖြိုး၊ မော်ကွန်းထိုးဖို့
မျိုးချစ်မာန်နှိုး သက်သေတည်…
မဆုတ်မနစ် ဦးရွက်ညီ…
သန္နိဋ္ဌာန်ဆင့် လှမ်းပြိုင်ချီ…
ညီလော့ချီလော့ တို့နောင်ညီ…။ ။

မင်းသွေးနွယ် (ဇီးကုန်း)

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ် (၈)ရပ်ကွက် အမက (၁၄) ကျောင်းခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာစီစာကုံး၊ ကျပန်း၊ ကဗျာ ရွတ်ဆိုပြိုင်ပွဲ ဆုပေးပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ် အမှာစကား ပြောကြားစဉ်။

(၆၈၄)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ အားကစားအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မြောက်ပိုင်းဒေသများတွင် ကွက်ကျားမိုး ဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၁၈

ယနေ့နံနက် ၉ နာရီခွဲထိမိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ ညောင်ဦးမြို့၊ မကွေးမြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် သုည ဒသမ ၁၆ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အားကစားအဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်သည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကမ္ဘာ့အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲသို့ သွားရောက်မည့် လက်ဝှေ့အားကစားအဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်အဖွဲ့ချုပ် အဆင့်(၁) နည်းပြဆရာများ ဆွေးနွေးပွဲသို့ တက်ရောက်မည့် ကိုယ်စားလှယ်များ၊ စင်ကာပူ၌ ကျင်းပမည့် သတ္တမအကြိမ် မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြေးခုန်ပစ် အားကစားအဖွဲ့၊ ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပမည့် အာရှအလေးမအဖွဲ့ချုပ် ကွန်ဂရက်သို့ တက်ရောက်ရန်နှင့် အာရှအလေးမတံခွန်စိုက်ပြိုင်ပွဲတွင် နည်းစနစ် ကျွမ်းကျင်သူအရာရှိများအဖြစ် တာဝန်ထမ်းဆောင်မည့် ကိုယ်စားလှယ် သုံးဦးနှင့် ၂၀၁၂ ခုနှစ် ပထမအကြိမ် မလေးရှားအလွတ်တန်း မသန်စွမ်းသူများ ပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မသန်စွမ်း အားကစားအဖွဲ့တို့အား တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနှစ်ဆန်းတစ်ရက်နေ့ ကုသိုလ်ကောင်းမှုပြုသူများဖြင့် ရန်ကုန်တောင်ပိုင်းခရိုင်၌ စည်ကား

ရန်ကုန် ဧပြီ ၁၈

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်၌ ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်သူများ၊ ဇီဝိတဒါန ငါးလွှတ်သူများဖြင့် စည်ကားလျက်ရှိပြီး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ သက်ကြီးပူဇော်ပွဲများ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲများ၊ နိဗ္ဗာန်ဈေးပွဲတော်များ၊ ညနေပိုင်းတွင် အန္တရာယ်ကင်းပရိတ်တရားနာယူပွဲများဖြင့် ကုသိုလ်ကောင်းမှုပြုကြသူများ အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌ ဘာသာရေးဝတ်အသင်းများက ဘုရားစေတီများ၌ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ သက်ကြီးရွယ်အို အဘိုး အဘွားများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းများ လှီးပေးခြင်း၊ ဘုရားကျောင်းကန် စေတီဇရပ်များ၌ သန့်ရှင်းရေးပြုလုပ်ခြင်းများဖြင့် ကုသိုလ်ပွားများလျက်ရှိကြသည့်အပြင် မြို့နယ်အသီးသီး၌ သက်ကြီးပူဇော်ပွဲများ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲများဖြင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ကောင်းမှုကုသိုလ်များကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧပြီ ၁၆ ရက်က သထုံမြို့နယ်၏ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရ ပညာရေးဌာနကိုယ်စားပြု ယိမ်းအဖွဲ့အား သထုံခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် ဇနီးတို့ ဆုပေးအပ်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

မိတ္ထီလာမြို့တွင် ဒုတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ (နှစ်ဆန်းတစ်ရက်)က ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပစဉ်။ (ချမ်းသာ)

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ လူမှုရေးထောက်ပံ့စရိတ်များနှင့် ဖွံ့ဖြိုးရေးအကျိုးခံစားခွင့်များ ပေးအပ်

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ မထသ ကော်မတီအဆင့်ဆင့်နှင့် ဝန်ထမ်းများ လူမှုရေးထောက်ပံ့ငွေနှင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒုတိယ ခြောက်လပတ် ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားဖွံ့ဖြိုးရေး အကျိုးခံစားခွင့် ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၉ ရက် နံနက် ၉ နာရီခွဲက တာမွေမြို့နယ် လေးဒေါင့်ကန်လမ်းရှိ မထသ (ရန်ကုန်တိုင်းဒေသကြီး) သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မထသ (ရန်ကုန်တိုင်းဒေသကြီး) ဥက္ကဋ္ဌက မထသကော်မတီ အဆင့်ဆင့်နှင့် ဝန်ထမ်းများ လူမှုရေးထောက်ပံ့ငွေနှင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားဖွံ့ဖြိုးရေး အကျိုးခံစားခွင့်များကို ဌာနခွဲအလိုက် ပေးအပ်ခဲ့သည်။**(အောက်ဝဲပုံ)**

ယင်းသို့ ပေးအပ်ခဲ့သည့် ငွေကျပ်စုစုပေါင်းမှာ ကျပ်သိန်းပေါင်း ၃၂၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

(တင်မောင်လတ်)

နီဆန်းကား လမ်းဘေးသို့ တိမ်းမှောက်

မြင်းမူ ဧပြီ ၁၈

မြင်းမူမြို့နယ် ပျော့ရွာအနီး မြင်းမူ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၄၃/၁)နှင့် (၄၃/၂)ကြားတွင် မန္တလေးဘက်မှ အောင်နိုင်ဦး မာလကာခြံအရပ် မဟာအောင်မြေမြို့နယ်နေသူ မောင်းနှင်လာသည့် ၂က/ နီဆန်းအဖြူရောင်ကားမှာ လမ်းဝဲဘက်ဘေးသို့ တိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသော အမျိုးသားခုနစ်ဦး၊ အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာအသီးသီးရရှိသွားသဖြင့် မြင်းမူပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးလိုက်ရကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း အောင်နိုင်ဦးအား (ပ) ၈၇/၂၀၁၂ ပုဒ်မ ၃၃၇/၃၃၈ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(ကိုကိုနိုင်)

ဥတုရာသီ တောကိုမှီ၏

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များအသင်း (၇၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

မန္တလေး ဧပြီ ၁၈

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (၇၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၈ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ၈၆ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား အသင်းတိုက်၌ ကျင်းပရာ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းသား အသင်းသူများ တက်ရောက်ကြသည်။ အစီအစဉ်အရ အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး **(ယာပုံ)** အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာဖတ်ကြားခြင်း၊ ငွေစာရင်းရှင်းတမ်းဖတ်ကြားအတည်ပြုခြင်း၊ စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာဖတ်ကြားခြင်းများ ဆောင်ရွက်ပြီး အသင်းဥက္ကဋ္ဌက ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

မန္တလေးမြို့ ပွဲစားကုန်သည် စက်ပိုင်များအသင်းတွင် နေ့စဉ်ပေါက်ဈေးများအား LED ပတ်လည်ဘုတ်ဖြင့် ဖော်ပြပေးလျက်ရှိပြီး FAO ၏ လှူဒါန်းမှုဖြင့် APIS တပ်ဆင်ကာ အနယ်နယ်အရပ်ရပ်မှ ကုန်စည်ဈေးနှုန်း မေးမြန်းမှုများကို ဖုန်း-၀၂-၂၄၅၅၀ မှ အလိုအလျောက် ဖြေကြားပေးလျက်ရှိကြောင်း သိရသည်။ (သီဟကိုကို)



အခြေခံပညာကျောင်းများတွင် အောင်စာရင်းများကို ဧပြီ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့ရာ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ၏ မိဘများက အောင်စာရင်းများကို လာရောက်ကြည့်ရှုနေကြစဉ်။ (၆၈၀)

နိုင်ငံတကာအားကစားသတင်းများ

မန်ယူနောက်တန်းကစားသမား ဒါဆေးလ်ဗား အငှားစာချုပ်ဖြင့် ဘန်ဖီကာသို့ သွားရောက်ကစားမည်ဟုဆို

မန်ချက်စတာ ဧပြီ ၁၈

မန်ယူနောက်တန်းကစားသမား ဒါဆေးလ်ဗားသည် ပေါ်တူဂီကလပ် ဘန်ဖီကာသို့ လာမည့်ဘောလုံးရာသီတွင် အငှားစာချုပ်ဖြင့် သွားရောက်ကစားမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းတိုးရန်ရှိသော်လည်း ယခုနှစ်ဘောလုံးရာသီကုန်ပါက ဘန်ဖီကာသို့ သွားရောက်ကစားမည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့်က အတိအလင်းပြောကြားလိုက်သည်။

မန်ယူအသင်းနည်းပြ ဖာဂူဆန်သည် အန်ဒါဆန်၏ မန်ယူနှင့် စာချုပ်သက်တမ်းမှာ သုံးနှစ်ကျန်ရှိနေသေးသဖြင့် ဒါဆေးလ်ဗားအား ဘန်ဖီကာသို့ အငှားစာချုပ်ဖြင့် တစ်ရာသီသွားရောက်ကစားခွင့်ပြုရန် စီစဉ်ထားကြောင်း သီတင်းပတ်အကုန်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ဒါဆေးလ်ဗားသည် ဘန်ဖီကာ၏ ပထမဆုံးဘယ်နောက်ခံလူအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ဘန်ဖီကာအသင်းသည် ဒါဆေးလ်ဗားအား အမြဲတမ်းစာချုပ်ချုပ်ဆိုကာ ခေါ်ယူလိုသော်လည်း ဒါဆေးလ်ဗားအနေဖြင့် အငှားစာချုပ်ဖြင့်သာ သွားရောက်ကစားမည်ဖြစ်သည်။

ဒါဆေးလ်ဗားသည် ပုံမှန်ကစားခွင့်ရခြင်း၏ တန်ဖိုးကို နားလည်သဘောပေါက်မည်ဖြစ်ရာ မန်ယူနည်းပြ ဖာဂူဆန်က ၎င်းအနေဖြင့် ဒါဆေးလ်ဗားအား ပုံမှန်ကစားခွင့်မပေးနိုင်ခဲ့ခြင်းကြောင့် ဘန်ဖီကာသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားရေးကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။



ဘန်ဖီကာသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားမည့် မန်ယူနောက်တန်းကစားသမား ဒါဆေးလ်ဗား

ဘောလုံးလောကသတင်းတိုများ

✱ *ပရော်ဖက်ရှင်နယ် ဘောလုံးကစားသမားများအဖွဲ့ချုပ် (ပီအက်ဖ်အေ)က ၂၀၁၁-၂၀၁၂ ခုနှစ် ပီအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုစာရင်းကို ထုတ်ပြန်ခဲ့ရာ မန်စီးတီးအသင်းမှ အာဂျင်တီးနားတိုက် စစ်မှူး ဆာဂျီရိုအဂူရိုနှင့် အာဆင်နယ်အသင်းခေါင်းဆောင် နယ်သာလန်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီတို့သည် ထိပ်ဆုံးမှ ရပ်တည်နေပြီး မန်ယူအသင်းမှ ဝိန်းရွန်နေးနှင့် စပါးကွင်းလယ်ကစားသမား စကော့ပါကာတို့လည်း ပီအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံးကစားသမား စာရင်းတွင် ဖော်ပြခံခဲ့ရသည်ဟုဆိုသည်။*

✱ ***ချယ်လ်ဆီးကစားသမားဟောင်း နီကိုလက်အနယ်ကာသည် ၎င်း၏ အသင်းဟောင်းချယ်လ်ဆီးကစားဖော် ဒရော့ဘာအား တရုတ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်းသို့ ရောက်ရှိလာရေး မက်လုံးပေးဆွဲဆောင်ရန် ဆန္ဒရှိနေပြီး ဒရော့ဘာအနေဖြင့်လည်း စတမ်းဖို့ဒ်ဘရစ်ချ်ကိုစွန့်ကာ ရှန်ဟိုင်းရှင်ဟွာအသင်းသို့ အမြန်ဆုံး ဆက်သွယ်လာဖွယ်ရှိသည်ဟု အနယ်ကာက ဆိုသည်။***

✱ *အေစီမီလန်အသင်းသည် မန်စီးတီးအသင်း၏ အားကိုးအားထားရသည့် အာဂျင်တီးနားကစားသမား ကားလို့စ်တီဗက်ဇ်ကို ခေါ်ယူရန် ထပ်မံကြိုးပမ်းမည်ဟုဆိုသည်။ အေစီမီလန်သည် ဇန်နဝါရီလအတွင်းက တီဗက်ဇ်အား အေစီမီလန်သို့ ရောက်ရှိရေး ကြိုးစားခဲ့သော်လည်း အေစီမီလန်အသင်း၏ ကမ်းလှမ်းမှုကို မန်စီးတီးအသင်းက ငြင်းပယ်ခဲ့သည်ဟု ဆိုသည်။*

✱ ***ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရက်သည် ပီအက်စ်ဂျီအသင်းနှင့် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ရန် ရည်ရွယ်ခဲ့သော်လည်း လက်ရှိတွင်မူ လုပ်ခလစာတိုးမြှင့်ပေးပါက ကင်နီဒဲလစ်ရှ်၏ လီဗာပူးအသင်း၌ ဆက်လက်ကစားရန် သန္နိဋ္ဌာန် ချထားသည်ဟုဆိုသည်။***

✱ *ဖူလ်ဟမ်တိုက်စစ်မှူး ဒမ်ဆေးသည် ယခုနှစ်ဘောလုံးရာသီအတွင်း သွင်းဂိုး ၂၂ ဂိုးသွင်းကာ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ဖူလ်ဟမ်အသင်းနှင့် စာချုပ်သက်တမ်းမှာ တစ်နှစ်သာလျှင် ကျန်ရှိတော့ခြင်းကြောင့် အာဆင်နယ်အသင်းမန်နေဂျာ အာစင်ဝင်းဂါးက ၎င်းအား ခေါ်ယူနိုင်ရန် စောင့်ကြည့်လေ့လာလျက်ရှိသည်ဟု ဆိုသည်။*

နိုင်လင်းကြည်

❖**အာရှတိုက်မှ**

ဖွင့်လှစ်မည်ဖြစ်ကြောင်း လင်းပိုင်ငါးသုတေသီ အာရ်ကေဆင်းဟာက ပြောကြားသည်။

ဘီဟာပြည်နယ် မြို့တော် ပတ္တနားအနီးရှိ ဂင်္ဂါမြစ်အတွင်း လင်းပိုင်ငါးကောင်ရေ အနည်းငယ်ကိုသာ တွေ့မြင်နိုင်ကြောင်း ၎င်းကပြောကြားသည်။

လင်းပိုင်ငါးသုတေသီဆင်းဟာသည် သုတေသနဌာနကို ထူထောင်ဖွင့်လှစ်ရန် ဘီဟာပြည်နယ်အစိုးရအဖွဲ့ထံ အဆိုပြုတင်ပြခဲ့သည်။

ဆင်းဟာသည် ဗဟိုအစိုးရအဖွဲ့က ထူထောင်ပေးသော လင်းပိုင်ငါးထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။

လင်းပိုင်ငါး သုတေသနဌာန ဖွင့်လှစ်နိုင်ခြင်းဖြင့် ဂင်္ဂါမြစ်အတွင်း ကျက်စားနေထိုင်သော လင်းပိုင်ငါးများနှင့် ပတ်သတ်၍ သုတေသနလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်မည်ဖြစ်ပြီး လင်းပိုင်ငါးကောင်ရေတည်ရှိမှုကို ကွင်းဆင်းလေ့လာသွားမည်ဖြစ်ကြောင်း အိန္ဒိယသတ္တဗေဒလေ့လာရေးဌာနမှ သိပ္ပံပညာရှင် ဂိုပါးရှာမားက ပြောကြား၏။

အိန္ဒိယနိုင်ငံ၏ တစ်ခုတည်းသော လင်းပိုင်ငါး ဘေးမဲ့ဒေသကို ဂင်္ဂါမြစ်တစ်လျှောက် ကီလိုမီတာ ၅၀ အကွာအဝေးအတွင်း သတ်မှတ်ထားသည်။ ယင်းဘေးမဲ့ဒေသသည် ဘီဟာပြည်နယ် ဘာဂါပူခရိုင်၌ တည်ရှိသည်။

အင်တာနက်။

ကင်မ်တေးဟီ၏ ဂျပန်ရုပ်သံဇာတ်လမ်းတွဲ ကိုရီးယားတွင် ပြသ

ကိုရီးယားမင်းသမီး ကင်မ်တေးဟီ၏ ဂျပန်ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် 99 Days With a Star အမည်ရှိ ဇာတ်လမ်းတွဲကို ယမန်နှစ်အောက်တိုဘာလက ဂျပန်နိုင်ငံတစ်ဝန်းထုတ်လွှင့်ပြသခဲ့ပြီး ယင်းဇာတ်လမ်းတွဲကို ဧပြီ ၁၂ ရက်မှစ၍ ကိုရီးယားနိုင်ငံတွင် ထုတ်လွှင့်ပြသလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းဇာတ်လမ်းတွဲတွင် ကင်မ်တေးဟီသည် ဂျပန်နိုင်ငံတွင် တရားဝင်အလုပ်လုပ်ခွင့်ရရှိရေးအတွက် ဂျပန်အမျိုးသား ကိုယ်ရံတော်တစ်ဦးနှင့်အတုယောင်ဆက်ဆံရေးဖြင့် ပေါင်းသင်းဆက်ဆံရန် သဘောတူလက်မှတ်ရေးထိုးထားသည့် ကိုရီးယားထိပ်တန်းမင်းသမီးတစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။

အသက် (၃၂)နှစ်ရှိ မင်းသမီးကင်မ်တေးဟီသည် ၂၀၀၃ ခုနှစ်က နာမည်ကျော် လူကြိုက်များသည့် ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ Stairway to Heaven တွင် ကိုရီးယားမင်းသား ကွန်ဆန်ဝူး၊ မင်းသမီးချွဲဂျီဝူး တို့နှင့်အတူ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ကင်မ်တေးဟီကို ဂျပန်နိုင်ငံနှင့် အာရှတစ်ဝန်း နာမည်ကျော် ရေပန်းစားခဲ့သည့် ဇာတ်လမ်းတွဲမှာ ၂၀၀၉ ခုနှစ် IRIS ဇာတ်လမ်းတွဲဖြစ်ပြီး သူ၏ အခြားလူကြိုက်များသည့် ဇာတ်လမ်းတွဲများမှာ My Princess နှင့် Love Stroy in Harvard ဇာတ်လမ်းတွဲတို့ဖြစ်သည်။

ကင်မ်တေးဟီသည် ဂျပန်ထိပ်တန်းဖျော်ဖြေရေးအေဂျင်စီတစ်ခုဖြစ်သည့် Sweet Power နှင့်လည်း အနုပညာလုပ်ငန်းများ လုပ်ကိုင်ရန် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းက လက်မှတ်ရေးထိုးခဲ့သူဖြစ်သည်။

အင်တာနက်။

အန်ဇီကစားသမား အီတိုး အင်တာသို့ ပြန်လည်ကစားရန် ဆန္ဒပြင်းပြနေ

မီလန် ဧပြီ ၁၈

အန်ဇီတိုက်စစ်မှူး ဆန်မြူရယ်အီတိုး**(အောက်ပုံ)**သည် လက်ရှိကလပ် အန်ဇီအသင်းမှ ထွက်ခွာကာ စီးရီးအေကလပ် အင်တာမီလန်အသင်းသို့ ပြန်လည်ကစားရန် စိတ်ဆန္ဒပြင်းပြလျက်ရှိသည်ဟု ဆိုသည်။

ဆန်မြူရယ်အီတိုးသည် အန်ဇီအသင်း၌သာ အသက်မွေးဝမ်းကျောင်းပြုကာ အစွမ်းကုန်ကြိုးစားမည်ဟု ဆိုသော်လည်း ယင်းအသင်းတွင် စိတ်ပျော်ရွှင်ချမ်းမြေ့မှုမရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အင်တာမီလန်အသင်းဥက္ကဋ္ဌ မက်ဆင်မို မိုရက်တီသည် အီတိုး၏ အန်ဇီအသင်း၌ ကစားနေရသည့်အချိန်တွင် စိတ်ပျက်ငြီးငွေ့နေသည်ကို သတိထားမိ၍ လာမည့်နှစ်ဘောလုံးရာသီတွင် တိုက်စစ်မှူးအီတိုးအား အင်တာမီလန်သို့ ပြန်လည်ခေါ်ယူမည်ဟု ဖွင့်ဟပြောကြားခဲ့သည်။

အန်ဇီတိုက်စစ်မှူးအီတိုးသည် တစ်ချိန်က ကင်မရွန်းနိုင်ငံအသင်း၌သာ ကစားခဲ့ရသူဖြစ်သော်လည်း လက်ရှိတွင် တစ်နှစ် လုပ်ခလစာ ပေါင်သန်း ၂၀ ဖြင့် စံချိန်တင်ဘောလုံးသမားဖြစ်လာသည်။

အီတိုးသည် ၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်းက အန်ဇီအသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်း နွေရာသီဈေးကွက်အကြိုအဖြစ် အန်ဇီအသင်းမှ ထွက်ခွာကာ အင်တာမီလန်အသင်းသို့ ပြန်လည်ကစားရန် အသင့်ရှိနေသည်ဟု ဆိုသည်။

အင်တာနက်။

ဂိတ်ကြေးမပို၊ တန်မပို၊ ဈေးနှုန်းကချို

❒ လမ်းတွေဘာကြောင့်ပျက်၊
တန်ပို တင်လို့ပျက်။

❒ တန်ပို ဘာကြောင့် တင်ရတယ်၊
ဂိတ်ကြေးများလို့ တင်ရတယ်၊

❒ ဂိတ်ကြေး ဘာကြောင့် များရတယ်။
လေလံကြေးများလို့ တင်ရတယ်။

❒ လေလံကြေး ဘာကြောင့်များ၊
အပြိုင်အဆိုင် ငွေပုံပေးလို့များ။

❒ အပြိုင်အဆိုင် ဘာကြောင့်
ငွေများများပေးကြတယ်။
လုပ်ပိုင်ခွင့်ရဖို့ များများပေးကြတယ်။

❒ လုပ်ပိုင်ခွင့် ဘာကြောင့်လိုချင်တယ်၊
အမြတ်အစွန်း များများရချင်၊
လိုချင်လို့ဖြစ်တယ်။

❒ အမြတ်အစွန်း ဘာကြောင့် များများရ၊
လောဘဇောတိုက်ကာ ဂိတ်ကြေးမြှင့်လို့ရ။

❒ ဂိတ်ကြေးမြှင့်တော့ ကုန်ပိုတင်၊
ကုန်ပိုတင်တော့ လမ်းတွေပျက်၊
နိုင်ငံတော်နှင့် ပြည်သူ့အတွက်၊
အလွန်နစ်နာလျက်။

❒ ယခုအခါ ဂိတ်ကြေးမှာ၊
ပုံသေသတ်မှတ်၊ မဲနှိုက်ချ၊
ဂိတ်ကြေးမမြင့်၊ ပုံမှန်ဖြစ်။

❒ လိုက်နာရမှာ မှန်ကန်စွာ၊
ကုန်တင် သွား/လာ၊
ဂိတ်မှာမကြာ၊ မြန်စွာခရီး၊
အချိန်တိုနဲ့ပြီး။

❒ ဂိတ်ကြေးမပို၊ တန်မပို၊
လမ်း-တံတားများ အစဉ်နပျို။

❒ ကင်းလွတ်ပြီ ဒီအခါ၊
ဂိတ်ကြေး၊ တန်ပို လမ်းပျက်သံသရာ။

❒ ကုန်ဈေးနှုန်း မတက်၊
လမ်း-တံတား မပျက်၊
တိုင်းပြည်သာယာလျက်။

ဆောက်လုပ်ရေးဝန်ကြီးဌာန

ရေတာရှည်၌ မိုးကြို အိမ်မိုးသက်ငယ်များ ဈေးကောင်း

ရေတာရှည် ဧပြီ ၁၈

ရေတာရှည်မြို့နယ်၌ တန်ခူးလအတွင်း မိုးတစ်ပြိုက်နှစ်ပြိုက် ရွာသွန်းခဲ့ပြီးနောက် အိမ်မိုးသက်ငယ်များ**(အောက်ပုံ)** အရောင်းသွက်၍ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။ မိုးအကြိုကာလများတွင် ကျေးလက်ဒေသရှိ နေအိမ်များ၌ တစ်နှစ်တစ်ကြိမ် အိမ်မိုးသက်ငယ် ပြောင်းလဲ၍မိုးကြရပြီး ယခုအခါ သက်ကယ်ဝယ်ယူမှု များပြားလာသည့်အတွက် ဈေးနှုန်းမြင့်တက်ခဲ့သည်။ အိမ်မိုးသည့် သက်ငယ်များတွင် အင်ဖက်၊ ကြံဖက်၊ သက်ငယ်ကြီးတို့ကို အများဆုံး အသုံးပြုပြီး တောင်တန်းဒေသနှင့် ကြံစိုက်ခင်းများမှ ရရှိသည်။

အင်ဖက်နှင့် ကြံဖက်၊ သက်ကယ်များသည် အပျစ် ၁၀၀ လျှင် အရည်အသွေးပေါ်မူတည်ပြီး ငွေကျပ် ၄၀၀၀ မှ ၆၀၀၀၊ သက်ကယ်ကြီး အပျစ် ၁၀၀ လျှင် ငွေကျပ် ၁၀၀၀၀ မှ ၁၂၀၀၀ အထိ ခရီးအနီးအဝေးပေါ် မူတည်၍ ရောင်းချလျက်ရှိသည်။ တန်ခူးနှင့် ကဆုန်လတွင် ကြိုးကြားကြိုးကြား မိုးရွာသွန်းလေ့ရှိသဖြင့် အိမ်မိုးသက်ငယ်များ အရောင်းအဝယ် သွက်လျက်ရှိကြောင်း သိရသည်။

(ကိုလွင်-ဆွာ)

အာရှမြင်းစီးအားကစားအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးတက်ရန် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ကိုယ်စားလှယ် ကိုရီးယား ထွက်ခွာ

ရန်ကုန် ဧပြီ ၁၈

အာရှမြင်းစီးအားကစားအဖွဲ့ချုပ်၏ ဖိတ်ကြားချက်အရ ဧပြီ ၂၀ ရက်မှစ၍ ကိုရီးယားသမ္မတနိုင်ငံ ဆိုး(လ်)မြို့၌ကျင်းပမည့် ၂၀၁၂ ခုနှစ် အာရှမြင်းစီး အားကစားအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးနှင့် KRA CUP ပြိုင်ပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ကိုယ်စားလှယ် အရှေ့တောင်အာရှ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်**(ယာပုံ)**သည် ဧပြီ ၁၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

(ကြေးမုံ)

◆**ကျောဖုံးမှ**

ရီးယဲလ်မက်ဒရစ် အသင်းသည် ရော်နယ်ဒိုအား ပေါင် ၁၂ သန်းဖြင့် ၂၀၁၅ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသော်လည်း ၂၀၁၇ ခုနှစ်အထိ ရီးယဲလ်တွင် ဆက်လက်ကစားစေလိုသည့် ဆန္ဒရှိနေသဖြင့် လုပ်ခလစာ ပေါင် ၁၆ သန်းအထိ တိုးမြှင့်ကာ ထပ်မံစာချုပ်ချုပ်ဆိုရန် ရီးယဲလ် ဥက္ကဋ္ဌက ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။

ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် (ပထမအကျော့) အနိုင်/အရှုံးရလဒ်

၁၈ - ၄ - ၂၀၁၂

ဘိုင်ယန်မြူးနစ်	၂ - ၁	ရီးရဲမက်ဒရစ်
ရီဘာရီ (၁၇ မိနစ်)		*အိုဇေး (၅၃ မိနစ်)*
ဂိုမက်ဇ် (၉၀ မိနစ်)		

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အကောင်းမြင်စိတ်ကြောင့် နှလုံးအန္တရာယ်လျော့နည်းနိုင်

နေ့စဉ်ဘဝကို တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် နေထိုင်ဖြတ်သန်းခြင်းအားဖြင့် နှလုံး၏ကျန်းမာရေးကို အထောက်အကူ ဖြစ်စေသည်ဟု လေ့လာတွေ့ရှိမှု အသစ်တစ်ခုက ဖော်ပြလိုက်သည်။

အကောင်းမြင်မှုနှင့် ပျော်ရွှင်စွာနေထိုင်မှု စသည့် ဘဝဟန်ပန်များက နှလုံးရောဂါဖြစ်ပွားမှုကို လျော့နည်းစေသည်။

ရှေးဦးသုတေသနလေ့လာမှု အများအပြားတို့တွင်လည်း စိတ်နှလုံးညှိုးချုံးမှု၊ အမျက်ဒေါသကြီးမှု၊ စိုးရိမ်ကြောင့်ကြကြီးမှု၊ ရန်လိုမှုစသည့် အဖျက်သဘောဆောင်သော စိတ်ပိုင်းဆိုင်ရာ အခြေအနေတို့ကြောင့် နှလုံးကိုထိခိုက်စေနိုင်ကြောင်း ပြဆိုထားခဲ့ကြသည်။

ဟားဗတ်ပြည်သူ့ကျန်းမာရေးတက္ကသိုလ်က ပြုလုပ်ခဲ့သည့် သုတေသန ၂၀၀ ကျော်တို့မှ တွေ့ရှိချက်များအရ အကောင်းမြင်သဘောဖြင့် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းနိုင်သူအဖို့ နှလုံးသွေးကြောဆိုင်ရာ ရောဂါအလားအလာ လျော့နည်းစေနိုင်သည့်အပြင် ရုတ်တရက် နှလုံးဖောက်သည့်ရောဂါနှင့် လေဖြတ်ခြင်းတို့ကိုလည်း လျော့ကျစေသည်ဟု ဖော်ပြကြသည်။

အပျက်သဘောမရှိခြင်းနှင့် အပြုသဘောရှိခြင်းတို့ တစ်ထပ်တည်း မတူညီကြကြောင်း၊ မိမိတို့သည် လူပုဂ္ဂိုလ်၏ အသက်အရွယ်၊ လူမှုစီးပွား ဘဝအခြေအနေ၊ ဆေးလိပ်သောက်သည့်အဆင့်သို့မဟုတ် ခန္ဓာကိုယ်အလေးချိန် စသည့်အချက်များကို အလေးမပေးဘဲ ပတ်ဝန်းကျင်ကို အကောင်းမြင်မှု၊ မိမိဘဝကို ကျေနပ်နှစ်သိမ့်မှုနှင့် ပျော်ရွှင်မှုစသည့် အချက်များကြောင့် နှလုံးရောဂါဖြစ်ပွားနိုင်သည့်အန္တရာယ် လျော့နည်းသွားမှုကို အလေးပေး လေ့လာခဲ့ကြောင်း စာတမ်းရှင် ဂျူလီယာဘိုအမ်က တက္ကသိုလ်၏ သတင်းထုတ်ပြန်ချက်ထဲတွင် ရေးသားဖော်ပြထားသည်။

ဥပမာအားဖြင့် အကောင်းမြင်စိတ်အရှိဆုံး ပုဂ္ဂိုလ်များသည်

အကောင်းမြင်စိတ်မရှိသူများနှင့် နှိုင်းယှဉ်ပါက နှလုံးရောဂါဖြစ်ပွားနိုင်မှု အန္တရာယ်ကို ခန့်မှန်းခြေအားဖြင့် ၅၀ ရာခိုင်နှုန်းခန့် လျော့ကျစေသည်ဟု စာတမ်းရှင်က မှတ်ချက်ပြုခဲ့သည်။

အဆိုပါ လေ့လာမှုစာတမ်းကို ဧပြီ ၁၇ ရက်က စိတ်ပညာဆိုင်ရာ သတင်းလွှာအွန်လိုင်းဂျာနယ်တွင် တင်ပြခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

အင်တာနက်
ကျန်းမာရေးသတင်း
ဘာသာပြန်
ဇင်ထူး

ရော်နယ်လ်ဒိုနှင့် စာချုပ်သက်တမ်းတိုးရန် ရီးယဲလ်ဥက္ကဋ္ဌ ဆန္ဒရှိနေ

မက်ဒရစ် ဧပြီ ၁၈

ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလောရန်တီနို ပီရက်ဇ်သည် ပေါ်တူဂီကြယ်ပွင့် ခရစ္စတီရာနို ရော်နယ်လ်ဒို **(အောက်ပုံ)**၏ လက်ရှိစာချုပ် သက်တမ်းတိုးမြင့် ချုပ်ဆိုရန် ဆန္ဒရှိနေသည်ဟု ဆိုသည်။

ပေါ်တူဂီနိုင်ငံသား ရော်နယ်လ်ဒိုကို မန်ယူအသင်းထံမှ ပြောင်းရွှေ့ကြေး စုစုပေါင်း ပေါင် ၉၄ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး လက်ရှိကလပ်ရီးယဲလ်မက်ဒရစ်တွင်လည်း အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူ ဖြစ်သည်။

ရော်နယ်လ်ဒိုသည် မန်ယူအသင်းတွင် ခြောက်နှစ်ကြာကစားခဲ့ပြီးနောက် စပိန်အင်အားကြီး ရီးယဲလ်မက်ဒရစ်အသင်းသို့ လုပ်ခလစာပေါင် ၁၂ သန်းဖြင့် ရောက်ရှိလာခဲ့သည်။

ရော်နယ်လ်ဒိုအား အင်္ဂလန်မြေသို့ ပြန်လည်ရောက်ရှိရေးအတွက် မန်ယူ၊ မန်စီးတီးနှင့် ချယ်လ်ဆီးအသင်းတို့က ကြိုးစားလျက်ရှိသည်။ သို့သော် ရော်နယ်လ်ဒို၏ လက်ရှိစာချုပ်သက်တမ်းကို တိုးမြှင့်ကာ ရီးယဲလ်တွင် ဆက်လက်ရှိနေရေး ဆွေးနွေးမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်ဥက္ကဋ္ဌက ဖွင့်ဟပြောကြားခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၄ သို့◆

ဂင်္ဂါမြစ်အတွင်း လင်းပိုင်ငါးများ ကျက်စားနေထိုင်မှုအခြေအနေကို အိန္ဒိယနှင့် ဂျပန် သုတေသီများ ကွင်းဆင်းလေ့လာလျက်ရှိကြစဉ်။

ဘာသာပြန်
စံစံ

အာရှတိုက်၏ ပထမဆုံးသော လင်းပိုင်ငါး သုတေသနဌာန ဖွင့်မည်

ပတ္တနား ဧပြီ ၁၈

အာရှတိုက်၏ ပထမဆုံးသော လင်းပိုင်ငါး သုတေသနဌာနကို အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၏ ပတ္တနားမြို့၌ ထူထောင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သုတေသီများက ဧပြီ ၁၇ ရက်တွင် ပြောကြားကြသည်။

အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်အတွင်း ကျက်စားနေထိုင်သော လင်းပိုင်ငါး အရေအတွက်မှာ အကောင်ရေ ၂၀၀၀ခန့်သာ ကျန်ရှိတော့ကြောင်း၊ မျိုးသုဉ်းတော့မည့် နို့တိုက်သတ္တဝါတစ်မျိုးဖြစ်သော လင်းပိုင်ငါးမျိုးထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် အာရှတိုက်၏ ပထမဆုံးသော လင်းပိုင်ငါးသုတေသနဌာနကို **စာမျက်နှာ ၁၁ ကော်လံ ၂ သို့❖**

နိုင်ငံတကာ ရုပ်ရှင်အနုပညာရပ်ဝန်း

အေဝမ်းစိုး

လီပြောင်ဟွန်း၏ ဂျီအိုင်ဂျိုးဇာတ်ကား ကိုရီးယားတွင် ပြသတော့မည်

ကမ္ဘာ့ရုပ်ရှင်လောကတွင် အောင်မြင်မှုရရှိခဲ့သည့် ဟောလိဝုဒ်ရုပ်ရှင်ကား G.I.Joe: The Rise of the Cobra ဇာတ်ကား၏ နောက်ဆက်တွဲ G.I.Joe: Retaliation ဇာတ်ကားတွင် ကိုရီးယားငွေကြယ်ပွင့် လီပြောင်ဟွန်း ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားကို တောင်ကိုရီးယားနိုင်ငံတွင် လာမည့်ဇွန်လအတွင်း ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

BH ဖျော်ဖြေရေးအေဂျင်စီက သတင်းစာရှင်းလင်းပွဲတစ်ခု၌ ထုတ်ပြန်ကြေညာရာတွင် G.I.Joe : Retaliation ဇာတ်ကားကို ဇွန် ၂၁ ရက်တွင် တောင်ကိုရီးယားနိုင်ငံ၌ အကြိုပြသသွားမည်ဟု ဆိုသည်။

လီပြောင်ဟွန်း**(အောက်ပုံ)**သည် တောင်ကိုရီးယားနိုင်ငံတွင် နာမည်ကျော်လူသိများသည့် မင်းသားတစ်ဦးဖြစ်သကဲ့သို့ အာရှတစ်ဝန်းတွင်လည်း လူကြိုက်များသည့် ငွေကြယ်တစ်ပွင့်ဖြစ်သည်။ ၂၀၀၉ ခုနှစ်က ရိုက်ကူးခဲ့သည့် G.I.Joe :The Rise of the Cobra ဇာတ်ကားသည် ၎င်း၏ ပထမဆုံးဟောလိဝုဒ်ရုပ်ရှင်ကားဖြစ်သည်။



လီပြောင်ဟွန်းသည် ယခုလောလောဆယ် မင်းသမီးဟန်ယိုဂျိုးနှင့်တွဲဖက်လျက် I am the King of Joseon အမည်ရှိ သမိုင်းနောက်ခံရုပ်ရှင်ကား ရိုက်ကူးလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ အင်တာနက်။

ယ နေ့ သ တင်း အ ညွှန်း

❝ ခရီးသွားလုပ်ငန်းသည် စီးပွားရေးအထောက်အကူပြုလုပ်ငန်းဖြစ်သည်ဆိုသော်လည်း ဤလုပ်ငန်းမှရရှိသောဝင်ငွေသည် ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာစိမ့်ဝင်သွားသည့်လုပ်ငန်းတစ်ခုဖြစ်သည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးစည်ပင်သည့်အခါ ဒေသခံပြည်သူများ ပျော်ရွှင်ကြသည်မှာ ဓမ္မတာပင် ❞

ဌေးအောင်(ခရီးသွား)၏

ပျော်ရွှင်ပါစေ

ဆောင်းပါးစာမျက်နှာ - ၆

မက္ကဆီကို၌ မီးတောင်တစ်လုံး သက်ဝင်လှုပ်ရှား ဒေသခံများအား သတိပေးချက်ထုတ်ပြန်

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

ကျွန်းများပိုင်ဆိုင်ခွင့်အငြင်းပွားမှု ဖြေရှင်းရေး ပင်လယ်ကွေ့နိုင်ငံခေါင်းဆောင်များ အရေးပေါ်စည်းဝေး

နိုင်ငံတကာသတင်း စာမျက်နှာ - ၅